# ကြေးမုံ
# The Mirror Daily
၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ကြီးမားသောအကျိုးကိုရနိုင်**

အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှုပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသောအခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကို ရနိုင်၏။ ထိုသို့ ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။

လောကဝင်(ဓမ္မပဒ-၁၇၂)


၁၃၈၅ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ စနေနေ့။ Saturday, 29 April 2023 ၁၁၀၈၀


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀ဝ၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

**နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေး**

နေပြည်တော် ဧပြီ ၂၈

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

**ရင်းရင်းနှီးနှီး ဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကဏ္ဍစုံတွင်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာမှုအခြေအနေများ၊ ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြားခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံမှုများ တိုးတက်စေရေးအတွက်ရုရှားနိုင်ငံ၌ မြန်မာနိုင်ငံကောင်စစ်ဝန်ရုံးများ တည်ဆောက်လျက်ရှိမှု၊ နှစ်နိုင်ငံအကြား ကူးလူးဆက်ဆံမှုများ တိုးမြှင့်ရေးနှင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်အောင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




ကြေးမုံ

# နိုင်ငံတော်အနာဂတ်အတွက် ပညာရေးကဏ္ဍဘက်စုံမြှင့်တင်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်၌ နိုင်ငံတော်၏တာဝန်ကို ပခုံးပြောင်းထမ်းဆောင်ကြမည့် လူငယ်များ၏ပညာရေးသည် ကောင်းမွန်အောင်မြင်သည့် ပညာရေးဖြစ်ရမည်ဟု ခံယူထားသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၁၂)ရပ်၏ နောက်ဆုံးဦးတည်ချက်တွင် “ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး” ဟူသည့်အချက်ကို ချမှတ်ထားသည်။

အဆိုပါ နိုင်ငံတော်၏ ဦးတည်ချက်၊ ရည်မှန်းချက်များနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန် တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ ပညာရေးကဏ္ဍ ဘက်စုံမြင့်မားတိုးတက်လာစေရန်အတွက် ပညာရေးဆိုင်ရာ သုတေသနပြုလေ့လာသုံးသပ်ချက်များအရ ဆွေးနွေးအဖြေရှာ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (၆)ရပ်ကို ချမှတ်ပေးထားပြီး ယခုအခါ သက်ဆိုင်ရာနယ်ပယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ပထမအချက်တွင် ပညာရေးတန်းစဉ်ကူးပြောင်းမှုနည်းပါးခြင်းကို ကုစားနိုင်မည့် နည်းလမ်းရှာရန်ဖြစ်သည်။ ဒုတိယအချက်တွင် KG+9 ပညာရေးကို အမျိုးသားရေးကိစ္စတစ်ရပ်အဖြစ် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးက ဆောင်ရွက်ရန်ဖြစ်သည်။ တတိယအချက်တွင် အသက်မွေးဝမ်းကျောင်းပညာရရှိရေးအတွက် Grade 10, Grade 11, Grade 12 အတန်းများတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုနည်းပညာရပ်များ သင်ကြားပေးရန်ဖြစ်သည်။ စတုတ္ထအချက်တွင် လုပ်ငန်းခွင်၌ လက်တွေ့အသုံးကျမည့် ပညာရပ်၊ ကျွမ်းကျင်မှုများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် စက်မှုသိပ္ပံကျောင်းများတွင် ထိရောက်စွာသင်ကြားပြီး လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရန်ဖြစ်သည်။ ပဉ္စမအချက်တွင် အဆင့်မြင့်ပညာကို ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်မှုအပြင် လူမှုအသိုက်အဝန်း အထောက်အကူဖြစ်စေမည့် ပတ်ဝန်းကျင်ဖြင့် သင်ကြားရန်ဖြစ်သည်။ ဆဋ္ဌမအချက်တွင် ဝိဇ္ဇာ၊ သိပ္ပံ၊ နည်းပညာရှင်များ မွေးထုတ်ရန်တို့အပြင် လူငယ်လူရွယ်များ မျိုးချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်များရှိလာစေရန်တို့ကို အကောင်အထည်ဖော်ဆောင်ရေးဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြောင်းလဲလာသော ခေတ်အခြေအနေအရ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်လာသောကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း KG+9 ပြီးသည်အထိ ပညာသင်ကြားနိုင်ရေးအတွက် ပညာရေးကဏ္ဍကို မြှင့်တင်ပေးနေသည်။ ပညာသင်ယူရမည့် အရွယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရေးနှင့် အခြေခံပညာအလယ်တန်းအဆင့် KG+9 အထိ မသင်မနေရပညာရေးစနစ်သည် နိုင်ငံတော်အစိုးရ၏ ပညာရေးရည်မှန်းချက်ဖြစ်သည်။ အနည်းဆုံး KG+9 အဆင့်ပြီးမြောက်မှသာ ပညာအခြေခံရသွားမည်ဖြစ်ရာ အသက်မွေးဝမ်းကျောင်းပညာသင်ကျောင်းများတွင် ဆက်လက်တက်ရောက်၍ ပညာဆည်းပူးနိုင်မည်ဖြစ်သည်။

ထို့အပြင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် ကျေးလက်နေပြည်သူများဖြစ်သည့်အတွက် ကျေးလက်စီးပွားရေးနှင့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများတွင် အထောက်အကူပြုနိုင်စေရန် လာမည့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှစ၍ အလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ပြီး စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး တွဲဖက် အထက်တန်းကျောင်း ၅၁ ကျောင်းကို ခရိုင် ၅၀ တွင် ဖွင့်လှစ်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်ပညာရေး အလယ်တန်းအဆင့် ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်များအနေဖြင့် အခြေခံပညာ(အထက်တန်း)၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေးအတတ်ပညာ စသည့်ပညာရေးလမ်းသွယ် လေးမျိုးသင်ယူနိုင်မည့် အခွင့်အလမ်းများကိုရရှိနိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ လွယ်ကူစွာရရှိလာမည်ဖြစ်သည်။ ပညာရည်ထူးချွန်ထက်မြက်သူများအဖို့ ဝါသနာပါရာ အဆင့်မြင့်ပညာများကို သက်ဆိုင်ရာ သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်များတွင် ဆက်လက်၍ ပညာဆည်းပူးနိုင်မည်ဖြစ်သဖြင့် မိမိတို့ဘဝအတွက်၊ နိုင်ငံတော်အတွက် ရရှိထားသော အခွင့်အလမ်းများကို မလွတ်တမ်း ရယူကြိုးစားအားထုတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရသည် နိုင်ငံတော်၏ အနာဂတ်အတွက်နှင့် မျိုးဆက်သစ်များ၏အနာဂတ်အတွက် ပညာရေးကဏ္ဍတွင် အခြေခံအုတ်မြစ်ကို ခိုင်မာစွာစိုက်ထူပေးလျက်ရှိရာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် ဘက်စုံပညာရေးကဏ္ဍမှ ပေါ်ထွက်လာမည့် လူ့စွမ်းအားအရင်းအမြစ်စွမ်းပကားများဖြင့် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# သံအမတ်ကြီး ဦးတင်မောင်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၂၉

တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးတင်မောင်ဆွေသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် ဧပြီလ ၂၄ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင် ထံသို့ ပေးအပ်ခဲ့ပြီး ဖြစ်သည်။

သတင်းစဉ်



## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထိန်လင်း ကို အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ မကွေးတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် ဒေါက်တာ နေသွယ်ကြည် ကို ဗန်းမော်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၈ - ၄ -၂၀၂၅)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၂၀၀ | ၈,၂၀၀ | ၂ | ၁၆,၄၀၀ |
| MTSH | ၂,၉၀၀ | ၃,၀၀၀ | ၇၂၆ | ၂,၁၀၈,၅၀၀ |
| MCB | ၇,၀၀၀ | ၇,၀၀၀ | ၁၆၈ | ၁,၁၇၆,၀၀၀ |
| FPB | ၁,၅၀၀ | ၁,၄၅၀ | ၁,၀၃၂ | ၁,၄၉၆,၄၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၃၀ | ၇၅,၀၀၀ |
| EFR | ၂,၆၀၀ | ၂,၆၀၀ | ၅၄ | ၁၄၀,၄၀၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၂၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၃၀၆.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၃.၃၅ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၅၄၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၀.၈၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၆၆၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၃၈၂.၂ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၇၀.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၄၃.၀ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၆.၇၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

☆ ရှေ့ဖုံးမှ

ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့် ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့နှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာကံဇော်၊ ဦးကိုကိုလှိုင်၊ ဦးအောင်သော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှား-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌနှင့်အတူ ကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ရုရှား-မြန်မာ ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ Mr. Anatoly Bulochnikov တို့ အဖွဲ့ဝင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❖ ကျောဖုံးမှ

အခြေအနေများနှင့် နှစ်နိုင်ငံ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**စုပေါင်းဓာတ်ပုံရိုက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့်အတူ စီးပွားရေးသံမှူး Mr. Tab Shufu နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၂၃ ခုနှစ်၊ ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲအတွက် ဖိတ်ခေါ်ခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၂၃ ခုနှစ်၊ ဇွန်လ (၅)ရက်နေ့တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ကို **“ပလတ်စတစ်ညစ်ညမ်းမှု တိုက်ဖျက်ဖို့ ပူးပေါင်းဖြေရှင်းဆောင်ရွက်စို့ – Solutions to Plastic Pollution”** ဆောင်ပုဒ်ဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ အဆိုပါအထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲများကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ၁၈-၅-၂၀၂၃(ကြာသပတေးနေ့) နောက်ဆုံးထား၍ ပြိုင်ပွဲဝင်စာမူများ ပေးပို့နိုင်ပါကြောင်းနှင့် အသေးစိတ် အချက်အလက်များကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးများနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Website(www.ecd.gov.mm) နှင့် Facebook Page (Environmental Conservation Department-ECD)တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ ဆုရရှိသူများကို ၂၀၂၃ ခုနှစ်၊ ဇွန်လ(၅)ရက်နေ့တွင် နေပြည်တော်၌ ကျင်းပပြုလုပ်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဆုချီးမြှင့်သွားမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၆) ဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနား ကျင်းပ





**နေပြည်တော် မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ရှိ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) A.G.T.I ဒီပလိုမာသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲနှင့် အလုပ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် အဆိုပါ ဒီဂရီကောလိပ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး၊ နယ်စပ်ရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အလုပ်ခန့်အပ်လွှာ ပေးအပ်မည့် ဝန်ကြီးဌာန ၁၉ ခုမှ ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း) ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ် ဦးတည်ချက် ၁၂ ရပ် ချမှတ်၍ နိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း နယ်စပ်ဒေသများ၏ ဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မဟာဗျူဟာ၊ မူဝါဒ၊ ရည်မှန်းချက်များချမှတ်၍ ထိရောက်အောင်မြင်စွာ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နယ်စပ်ဒေသများရှိ တိုင်းရင်းသားလူငယ်များကို ၎င်းတို့၏နယ်စပ်ဒေသများ၌ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များ၊ နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် ထိထိရောက်ရောက်ဆောင်ရွက်နိုင်ရန်အတွက်ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်၊ စစ်ကိုင်း)တို့ကို တည်ထောင်ဖွင့်လှစ် ပြုစုပျိုးထောင် လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(စစ်ကိုင်း)ကို စတင်ဖွင့်လှစ်သည့်အချိန်မှ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၄၂၀၊ သိပ္ပံဘွဲ့ ၇၇၄ ဦး၊ B.Tech ၁၃၉ ဦး၊ အင်ဂျင်နီယာဒီပလိုမာ ၆၅၄ ဦး စုစုပေါင်း တိုင်းရင်းသားလူငယ် ၁၉၈၇ ဦး တို့ကို ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ အားပေးထောက်ပံ့ လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသား ကျောင်းသူများ၏ စဉ်ဆက်မပြတ် ကြိုးစားလေ့လာမှုများကြောင့် ယခုအခါ မဟာဝိဇ္ဇာဘွဲ့ ၇၈ ဦး၊ မဟာသိပ္ပံဘွဲ့ ၁၈၁ ဦး၊ Ph.D ဘွဲ့ ၁၈ ဦး ၊ B.E ၅၁၁ ဦး၊ M.E ၂၂ ဦး၊ B.Tech ၂၀၇ ဦး အောင်မြင်မှုရရှိခဲ့သဖြင့် အားရကျေနပ်ဖွယ်ဖြစ်ပါကြောင်း၊ ကျောင်းဆင်း ကျောင်းသား ကျောင်းသူများအနေဖြင့် အတုယူကြိုးစားအားထုတ်သွားကြရန် အထူးမှာကြားလိုကြောင်း၊ ယနေ့ ပြောင်းလဲတိုးတက်လာသည့် ခေတ်စနစ်နှင့်အညီ စွမ်းဆောင်ရည်မြင့်မားသည့် နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်လာစေရေးအတွက် မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းများအား နိုင်ငံ့တာဝန်များကို ကျေပွန်စွာထမ်းဆောင်နေရင်းဖြင့် ဆက်လက်တက်ရောက် ဆည်းပူးနိုင်အောင် ကြိုးစားအားထုတ်သွားကြရန်၊ ICT နည်းပညာ နှင့် Social Media တို့ကိုလည်း မိမိကိုယ်တိုင်၊ မိမိပတ်ဝန်းကျင်နှင့် မိမိနိုင်ငံ ကောင်းကျိုးရရှိစေရေးအတွက်သာ အသိ၊ သတိဖြင့် အထူးဂရုပြုလေ့လာကြရန်နှင့် စနစ်တကျ အကျိုးရှိရှိ သုံးစွဲသွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

သင်တန်းဆင်း မောင်တို့မယ်တို့အနေဖြင့် နိုင်ငံ့ဝန်ထမ်းများအဖြစ် နယ်စပ်ဒေသအသီးသီးတွင် တာဝန်ထမ်းဆောင်ကြရာ၌ မူလလုပ်ငန်းတာဝန်များအပြင် ဒေသခံတိုင်းရင်းသားလူမျိုးများ၏ စာပေ၊ ရိုးရာ၊ ဓလေ့ထုံးစံ အမွေအနှစ်များကို လေးစားလိုက်နာကာ အစဉ်မြတ်နိုးစွာဖြင့် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားကြရန်၊ မိမိတို့တတ်မြောက်ထားရှိသည့် အသိပညာ၊ အတတ်ပညာများဖြင့် မိမိတာဝန်ကျရာဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဒေသခံတိုင်းရင်းသား ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်သွားကြရန်၊ မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်လည်း လေ့လာသင်ယူတတ်မြောက်ခဲ့သည့် အင်ဂျင်နီယာပညာရပ်များကို လက်တွေ့မြေပြင်အနေအထားများအပေါ် မူတည်ပြီး ပေါင်းစပ်၊ နှိုင်းယှဉ်သုံးသပ်၍ အစွမ်းကုန်ကြိုးစားဆောင်ရွက်ရင်း မိမိတို့ဝန်ကြီးဌာနပုံရိပ်ကို မြှင့်တင်ပေးကြရန်၊ နိုင်ငံတော်နှင့် ပြည်သူတို့၏ အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် အမြဲနှလုံးသွင်း ကြိုးစားကျင့်ကြံဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက အင်ဂျင်နီယာဘာသာရပ် ထူးချွန်ဆုရရှိသူ ကျောင်းသားကို ထူးချွန်ဆုပေးအပ်ချီးမြှင့်ပြီး ဝန်ကြီးဌာန ၁၉ ခု တို့မှ ကိုယ်စားလှယ်များက သင်တန်းဆင်း ကျောင်းသား ကျောင်းသူ ၆၅ ဦးကို အလုပ်ခန့်အပ်လွှာများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ သင်တန်းဆင်းကျောင်းသား ကျောင်းသူများနှင့် ၎င်းတို့၏ မိသားစုဝင်များအား ခင်မင်ရင်းနှီးစွာ နှုတ်ဆက်ကြပြီး သင်တန်းဆင်း ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

မွန်းလွဲပိုင်းတွင်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျောင်းဝင်းအတွင်း ဆောင်ရွက်ပြီးစီးခဲ့သည့် အားကစားကွင်း ပွဲကြည့်စင်၊ သုံးထပ်ကျောင်းသူ အိပ်ဆောင်နှင့် လေးထပ်အင်ဂျင်နီယာအလုပ်ရုံဆောက်လုပ်မည့် လျာထားမြေနေရာ၊ မနုဿဗေဒပြခန်း၊ ကျောင်းသား အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီး၊ ဒုတိယကျောင်းအုပ်ကြီး၊ ညွှန်ကြားရေးမှူးများ၊ ပါမောက္ခ/ဌာနမှူးများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျောင်းအုပ်ကြီးက အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေး၊ သင်ကြားရေးဆိုင်ရာကိစ္စရပ်များနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ပြီး ဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို ထောက်ပံ့ငွေများချီးမြှင့် ပေးအပ်သည်။ ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းဆင်း ကျောင်းသား ကျောင်းသူများအား ဘွဲ့နှင်းသဘင်ခန်းမ၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ပြလို့)ဆောက်လုပ်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

**အောင်လံ မေ ၂၈**

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဝန်ကြီးများအဖွဲ့သည် မေ ၂၇ ရက် မွန်းလွဲ ၁ နာရီက အောင်လံမြို့ စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်း(ပြလို့) ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ရပ်မိရပ်ဖများ၊ ဒေသခံ ကျောင်းသား ကျောင်းသူများ၏ မိဘများနှင့် တွေ့ဆုံခဲ့သည်။



အဆိုပါ တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းကို ယခုပညာသင်နှစ်တွင် စတင်ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အဆိုပါကျောင်းသို့ ကျောင်းသား ကျောင်းသူများ ပြည့်မီအောင် ကျောင်းအပ်လက်ခံနိုင်ရေးဆောင်ရွက်ရန်နှင့် အဆိုပါ အထက်တန်းကျောင်းမှ အောင်မြင်သူများအတွက် ဆက်လက်တက်ရောက်နိုင်မည့် အခွင့်အလမ်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသော ပြည်သူများ၏ မေးမြန်းချက်များအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် သက်ဆိုင်ရာဌာနများက ပြန်လည်ဖြေကြားခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ထပ်ဆင့်လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# အုတ်တွင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပဥ္စမအကြိမ် ထိုးနှံ

**အုတ်တွင်း မေ ၂၈**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပဥ္စမအကြိမ်ထိုးနှံပေးခြင်းကို မေ ၂၆ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိရတနာခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထပ်ဆောင်းထိုးနှံပေးခြင်းကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတုတ္ထအကြိမ်ထိုးနှံပြီး ခြောက်လပြည့်သော ဌာနဆိုင်ရာဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များအား မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအမျိုးအစား Sinovac ကို ထိုးနှံပေးခြင်းဖြစ်သည်။

ထို့နောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဝင်များ၊ မြို့နယ်ပညာရေးဌာနမှ ဝန်ထမ်းများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဧပြီ ၂၈**

နေပြည်တော်ကောင်စီနယ်မြေ ကျေးလက်နေပြည်သူများ၏ တစ်ဦးချင်း ဝင်ငွေတိုးပွားစေရေး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင်ကုန်ထုတ်လုပ်မှုလုပ်ငန်းများ အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နိုင်ကြခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ဝင်ငွေနှင့် လူနေမှုဘဝမြင့်မားရေးကို နိုင်ငံတော်အစိုးရ၏ စီမံလမ်းညွှန်မှုဖြင့် မိမိတို့ဝန်ကြီးဌာနက ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ ဒေသနေပြည်သူများအနေဖြင့်လည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း ယနေ့မွန်းလွဲပိုင်းက တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာ၊ ငွေးပင်(စံပြ)ကျေးရွာ၊ ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် မကျီးပင်ကျေးရွာအုပ်စု မကျီးပင်ကျေးရွာသို့ရောက်ရှိပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံ၍ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးက မကျီးပင်ကျေးရွာတွင် လုပ်ငန်းများဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြရာ



ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေ တစ်မိသားစုချင်း၏ ဝင်ငွေတိုးပွားရေး မိုးစပါးအပြီး ဆောင်းသီးနှံနှင့် နွေသီးနှံများ စိုက်ပျိုးနိုင်ရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်၊ သွင်းအားစုနှင့် နည်းပညာများ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ကျေးရွာရှိ စိတ်တူကိုယ်တူဆန္ဒတူသူများ စုပေါင်း၍ သမဝါယမအသင်းထူထောင်ပြီး စီးပွားဖြစ်လယ်ယာကုန်ထုတ်လုပ်ငန်းများ ပေါ်ထွန်းလာရေးအတွက် ကျေးရွာသူကျေးရွာသားများ အားလုံးပူးပေါင်းလုပ်ဆောင်ကြရန်နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြီး ဒေသခံပြည်သူများက ကျေးရွာလိုအပ်ချက် တင်ပြမှုအပေါ် အမြန်ဆုံးတုံ့ပြန်ဆောင်ရွက်ပေးနိုင်ရေး ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီးနောက် ကျေးရွာတောင်သူများ၏ စိုက်ပျိုးမြေဧက ၂၀၀ ကျော် အကျိုးပြုပေးနိုင်မည့် ယာယီချောင်းပိတ်ဆည်၊ ရေပေးမြောင်းနှင့် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် ငွေးပင်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ငွေးပင်ကျေးရွာ စနစ်ကျလယ်ယာမြေ ၇၉ ဒသမ ၈၈ ဧက အဆင့်မြင့်လယ်ယာမြေများပေါ်တွင် နွေစပါး ၉ ဒသမ ၁၉ ဧကနှင့် နွေသီးနှံပဲတီစိမ်း ၆၂ ဒသမ ၅၂ ဧက စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးရာ သက်ဆိုင်ရာဦးစီးဌာနအလိုက် တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ၊ တောင်သူများက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက်ဆက်တိုက်ဆက်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဆောင်ရွက်လျက်ရှိသည့် ဆင်သေချောင်း ယာယီချောင်းပိတ်ဆည်ဝဲယာရှိ ဇေယျာသီရိမြို့နယ် ရှားစေးဖိုကျေးရွာသို့ရောက်ရှိရာ ရှားစေးဖိုကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဆောင်ရွက်သည့် ရေတင်လုပ်ငန်းမှ သမဝါယမ စိုက်ပျိုးတောင်သူများ၏ စပါး၊ နှမ်း၊ ပဲတီစိမ်း၊ ပြောင်း၊ သပြေပင် စုစုပေါင်းစိုက်ဧက ၁၆၀ စိုက်ပျိုးပြီးစီးမှု၊ ပုဗ္ဗသီရိမြို့နယ် အေးမြင့်သာယာကျေးရွာနှင့် ဘဲကုန်းကျေးရွာတို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည့် ဆင်သေချောင်း ယာယီရေထိန်းဆည်နှင့် လျှပ်စစ်ရေတင်လုပ်ငန်းမှ စိုက်ပျိုးတောင်သူ ၆၅ ဦး၏ နေကြာ၊ နှမ်း၊ ပဲတီစိမ်း၊ ပြောင်း စုစုပေါင်းစိုက်ပျိုးဧက ၁၈၅ ဧကစိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမြင့်စိုး သမဝါယမစနစ်ဖြင့် ပီလောပီနံစိုက်ပျိုးရန် ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် ဧပြီ ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့နံနက်ပိုင်းက ရောဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ယုန်သလင်းတိုက်နယ် မဒေါ့တလုတ်ကုန်းကျေးရွာတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပီလောပီနံစိုက်ပျိုးထုတ်လုပ်မည့် တောင်သူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ဒုတိယဝန်ကြီးက ပီလောပီနံစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် သမဝါယမအသင်းအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရေး၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးရေးနှင့် ထိုသို့စိုက်ပျိုးရာတွင် လိုအပ်သည့် စိုက်ပျိုးရေးသွင်းအားစုများ အချိန်မီပံ့ပိုးပေးနိုင်ရေး ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဦးစီးဌာနအလိုက် လုပ်ငန်းဆောင်ရွက်နေမှု၊ ကံစပ်ရာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးစည်သူအောင်က ပီလောပီနံ တန် ၁၀၀ ကျ စက်ရုံတည်ဆောက်မည့်အစီအစဉ်များနှင့် ပီလောပီနံစိုက်ပျိုးထုတ်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြပြီး အသင်းသားတောင်သူများ၊ ဒေသခံပြည်သူများ၏ လုပ်ငန်းလိုအပ်ချက်များ၊ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များ တင်ပြမှုအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

အလားတူ ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့်အဖွဲ့သည် လေးမျက်နှာမြို့နယ် မိဿလင်ကုန်းကျေးရွာသို့ သွားရောက်ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပီလောပီနံစိုက်ပျိုးထုတ်လုပ်မည့် တောင်သူများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခတ္တာကျေးရွာတွင် ပြုလုပ်သော ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း VDP ရန်ပုံငွေနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေပေးအပ်ပွဲသို့ တက်ရောက်သည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစိုးသန်းက စီမံကိန်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၅၀ ကို ခတ္တာကျေးရွာသို့လည်းကောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ဘိသလွန်ကျေးရွာသို့လည်းကောင်း ထောက်ပံ့ပေးအပ်ရာ ကျေးရွာတာဝန်ရှိသူများက လက်ခံရယူကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် လေးမျက်နှာမြို့နယ်အတွင်းမှ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး



တက္ကသိုလ်နှင့် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်တို့တွင် တက်ရောက်သင်ယူနေကြသော ကျောင်းသားကျောင်းသူ ၁၄ ဦးတို့ကို တွေ့ဆုံအားပေးစကားပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆောင်ရွက်နေသည့် စိန်တောင်ကျေးရွာနှင့် လှော်ကထားကျေးရွာ မဟာဓာတ်အားလိုင်းပြင်ပ အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း (NEP OFF-Grid)၊ ဆိုလာအသေးစားဓာတ်အားပေးစနစ် မီးလင်းရေးလုပ်ငန်း တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆောင်ရွက်နေမှုများ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့မှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် ကံကုန်းကျေးရွာမှ တောင်သူ ဒေါ်ခင်အုန်းမြင့်၏ လယ်မြေငါးဧကတွင် တစ်နှစ်စပါးသုံးသီး စိုက်ပျိုးနေမှုကို သွားရောက်အားပေးကြည့်ရှုသည်။ အဆိုပါလယ်မြေ ငါးဧကတွင် မိုးရာသီနှင့် ဆောင်းရာသီ၌ ဆင်းသုခစပါးမျိုး စိုက်ပျိုးခဲ့ပြီး ယခုနွေရာသီတွင် ဆိုလာရေတင်စနစ်ဖြင့် ပခန်းရွှေဝါစပါးမျိုးများ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကျောက်ဆည်မြို့နယ်ရှိ ကျေးရွာ ၁၁ ရွာ၌ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရေး ကျေးရွာများရွေးချယ်ပွဲကျင်းပ

**ကျောက်ဆည် ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်းရှိ ကျေးရွာများ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ကျေးရွာများရွေးချယ်ပွဲ အခမ်းအနားကို ဧပြီ ၂၆ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်ဆည်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်ဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းအေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း အကြောင်းအရာများ၊ ကျေးရွာများ ရွေးချယ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် ကျေးရွာရွေးချယ်ရေး စံသတ်မှတ်ချက်များကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျေးရွာများ ရွေးချယ်ရေး စံသတ်မှတ်ချက်များနှင့်ကိုက်ညီသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းဝင် ကျေးရွာ ၁၀ ရွာ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဝင် ကျေးရွာတစ်ရွာ စုစုပေါင်းကျေးရွာ ၁၁ ရွာအား ရွေးချယ်ခဲ့ကြကြောင်း သိရသည်။

**ညည**

■

# နွေရာသီအဖြစ်များသော ကျန်းမာရေးပြဿနာ

မေယု-မျိုးအောင် (MANA)

အပူလျှပ်ခြင်းနှင့် ချွေးထွက်လွန်ခြင်းကဲ့သို့သော နွေရာသီအပူဒဏ်၏ အန္တရာယ်များကို လူအများ သိရှိကြပြီးဖြစ်သည်။ လူအများ သတိမမူမိသည့် နွေရာသီအပူဒဏ်၏ နှိပ်စက်မှုများလည်း ရှိသေးသည်။ ၎င်းမှာ နှာချေ၊ နှာရည်ယိုခြင်းဖြစ်သည်။ ပန်းများသည် နွေရာသီတွင် ဖူးပွင့်ကြသကဲ့သို့ အပင်များ၊ မြက်များသည်ပင်လျှင် နွေရာသီ၌ အပွင့်ပွင့်ကြသည်။ ပူသောရာသီဥတုကို တုံ့ပြန်သည့်အနေဖြင့် ဝတ်မှုန်ထုတ်လုပ်မှုများ မြင့်တက်လာသည်။ လေထဲ၌ ဝတ်မှုန်ပါဝင်မှု နှုန်းမြင့်မားမှုကြောင့် လူအများ ခံတတ်မတည့်ခြင်းဖြစ်ကာ နှာချေ၊ နှာရည်ယိုခြင်းဖြစ်ကြသည့်အပြင် မျက်လုံးများယားယံမှုလည်းဖြစ်တတ်သည်။ ခံတတ်မတည့်ခြင်း ပြင်းထန်သူများအနေဖြင့် ဖြစ်နိုင်သမျှ အပြင်ထွက်ခြင်းကို ရှောင်ရှားခြင်း သို့မဟုတ် နှာခေါင်းစည်းများ တပ်ထားခြင်းတို့ဖြင့် ကာကွယ်နိုင်သည်။

### အလေးပေးဂရုစိုက်သင့်သည့် ကျန်းမာရေးဆိုင်ရာပြဿနာတစ်ရပ်ဖြစ်

ရာသီဥတု ပူပြင်းလာသည်နှင့်အမျှ အပူလျှပ်ခြင်းဆိုသည့် ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ရပ်ကို ရင်ဆိုင်ကြုံတွေ့ကြရသည်။ အပူလျှပ်ခြင်းသည် မပေါ့ဆဘဲ အလေးပေးဂရုစိုက်သင့်သည့် ကျန်းမာရေးဆိုင်ရာပြဿနာတစ်ရပ်ဖြစ်သည်။ ကိုယ်ခန္ဓာအပူချိန် ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်) နှင့်အထက်တွင် အပူလျှပ်ခြင်းဖြစ်ပွားတတ်သည်။ အပူလျှပ်ခြင်းဖြစ်ပွားပါက ခေါင်းမူးခြင်း၊ ပျို့အန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အသက်ရှူမြန်ခြင်း၊ အရေပြားနီမြန်းခြင်း၊ ကြွက်သားများလှုပ်ခြင်းမှသည် စိတ်အခြေအနေပြောင်းလဲမှုများ (စိတ်ရှုပ်ထွေးခြင်း၊ ကယောင်ကတမ်းပြောခြင်း၊ စကားမပီခြင်း) သတိလစ်မေ့မြောခြင်းအထိဖြစ်နိုင်သည်။ အပူလျှပ်ခြင်းဖြစ်ပေါ်သည့်အခါ လူနာ၏ အရေပြားအသားအရေသည် မီးခဲကဲ့သို့ ပူခြစ်ပြီး ချွေးလုံးဝမထွက်တော့ပါ။ အရေးပေါ်ကုသမှုခံယူရမည့် အခြေအနေဖြစ်ပြီး ကုသမှုခံယူရန် နှောင့်နှေးပါက ဦးနှောက်၊ အဆုတ်၊ နှလုံး၊ အသည်း၊ ကျောက်ကပ်နှင့် ကြွက်သားများကို ထိခိုက်ပျက်စီးစေကာ အသက်ဆုံးရှုံးသည်အထိ ဖြစ်စေနိုင်သည်။ ရာသီဥတုပူပြင်းလွန်း၍ အပူလျှပ်ခြင်းသည် အရေပြား ပူနွေးခြောက်သွေ့သော်လည်း လေ့ကျင့်ခန်းများ အလွန်အကျွံမပြုလုပ်သင့်ပေ။

အပူချိန်လွန်ကဲသောအခြေအနေတွင် အရိပ်အမိုးမပါဘဲ ပြင်းထန်စွာ ချွေးသံတရွှဲရွှဲ အလုပ်လုပ်ကြရသူများ၊ နေပူပူထဲတွင် အဝတ်အစားများ ထူထဲစွာဝတ်ဆင်ကြသူများ၊ အရက်အလွန်အကျွံ သောက်သုံးကြသူများနှင့် ချွေးထွက်လွန်နေသော်လည်း အလုပ်ဇောနှင့် ရေဓာတ်ပြန်လည်ဖြည့်တင်းရန် (ရေသောက်ရန်) မေ့လျော့နေသူများသည် အပူလျှပ်ခြင်းဖြစ်စေနိုင်သည်။ ရာသီဥတုအလွန်ပူပြင်းသော ဒေသများသို့ ခရီးထွက်မည်ဆိုပါက အပူဒဏ်နှင့် ဆက်စပ်သည့်ရောဂါများ ပိုမိုဖြစ်ပွားနိုင်သည်။ အသက်အရွယ်ကြီးလွန်း၊ ငယ်လွန်းသူများသည် အပူချိန်ပြောင်းလဲမှုဒဏ်ကို ခံနိုင်ရည်နည်းသဖြင့် အပူလျှပ်နိုင်ခြေ ပို၍မြင့်မားသည်။ အဝလွန်သူများ၊ နာတာရှည် နှလုံး၊ အဆုတ်၊ ကျောက်ကပ်ဝေဒနာ ခံစားနေကြရသူများ၊ အပူလျှပ်ခြင်းဖြစ်ဖူးထားသူများသည် အပူလျှပ်နိုင်ခြေများသည်။ အချို့သော ဆေးဝါးများသည် ခန္ဓာကိုယ် ရေဓာတ်ထိန်းသိမ်းမှုကို ထိခိုက်စေသည်။ စိတ်ရောဂါအတွက် သောက်သုံးသော ဆေးဝါးများ၊ ဆီးဆေးများ၊ သွေးကျဲဆေးများကို ရာသီဥတုအလွန်ပူပြင်းသော အချိန်တွင် သတိထားသုံးစွဲသင့်သည်။

အပူလျှပ်ခြင်းဖြစ်ပွားပါက အိမ်တွင်ကျိတ်၍ လုံးဝမကုသသင့်ပါ။ ဆေးရုံသို့ အလျင်အမြန်ပို့ဆောင်ကာ အရေးပေါ်ကုသမှုခံယူရမည်ဖြစ်သည်။




ဆေးခန်းသို့ပို့ကာ အရေးပေါ်ကုသမှုမခံယူမီ လူနာအား အရိပ်ရသောနေရာ၊ အဲကွန်းရှိရာနေရာသို့ ခေါ်ဆောင်ကာ ထူထဲသောအဝတ်အစားများကို ချွတ်ပစ်ရမည်ဖြစ်သည်။ ရေအေးဖြင့် ရေချိုးပေးခြင်း၊ ရေပတ်တိုက်ခြင်း၊ ရေခဲကပ်ခြင်း၊ ရေစိုဝတ်ဖြင့် ခန္ဓာကိုယ်အနှံ့အုပ်ပေးခြင်း စသည်တို့ကို ဆက်လက်ပြုလုပ်ရမည်ဖြစ်သည်။ ရေဓာတ်ပြန်လည်ဖြည့်တင်းရန် ရေများများတိုက်ပေးခြင်း၊ ဆားဓာတ်များ ပြန်လည်ဖြည့်တင်းရန် ဓာတ်ဆားတိုက်ပေးခြင်း စသည်တို့ကို ဆေးရုံသို့မရောက်မီစပ်ကြား ပြုလုပ်ပေးနိုင်သည်။ ဂက်စ်ပါသည့် အချိုရည်များ၊ Energy Drink အားဖြည့်အချိုရည်များ၊ အရက်အဖျော်ယမကာများ၊ ရေခဲရေများသောက်သုံးခြင်းကို အထူးရှောင်ရှားရမည်ဖြစ်သည်။ အဆုတ်၊ နှလုံး၊ အသည်း၊ ကျောက်ကပ်နှင့် ကြွက်သားများ၊ ထိခိုက်ခြင်း ရှိ၊ မရှိ သိနိုင်ရန် အခြေခံသွေးစစ်ဆေးမှုများ ပြုလုပ်ခြင်း၊ အသည်းစစ်ဆေးခြင်း၊ ကြွက်သားအင်ဇိုင်းများ တိုင်းတာစစ်ဆေးခြင်း၊ ရင်ဘတ်ဓာတ်မှန်ရိုက်ခြင်း စသည်တို့ကို ဆေးရုံတွင် စစ်ဆေးမှုခံယူရမည်ဖြစ်သည်။

### သေဆုံးနှုန်းမြင့်မား

အပူလျှပ်ခြင်းသည် သေဆုံးနှုန်းမြင့်မားသည့် ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ရပ်ဖြစ်သော်လည်း မူးမေ့ပစ်လဲအပြီး မိနစ် ၃၀ အတွင်း ကိုယ်ခန္ဓာအပူချိန်ကို ၄၀ ဒီဂရီစင်တီဂရိတ်အောက်သို့ရောက်အောင် လျှော့ချနိုင်ပါက သေဆုံးနှုန်း သုညအထိ ရောက်နိုင်သည်။ အချိန်မီသိကာ မပေါ့ဆဘဲ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ကာ ဆေးရုံသို့အလျင်အမြန်ပို့ရန် လွန်စွာအရေးကြီးသည်။ အပူလျှပ်သည့် လူနာ၏ ကိုယ်ခန္ဓာအပူချိန်သည် ၄၀ ဒီဂရီစင်တီဂရိတ်နှင့်အထက်ဖြစ်ခဲ့ပါက အဆုတ်၊ နှလုံး၊ အသည်း၊ ကျောက်ကပ်နှင့် ကြွက်သားများ ထိခိုက်ခြင်း ရှိ၊ မရှိကို ဆေးရုံ၌ သေချာစောင့်ကြည့်ကာ ကုသမှုခံယူရမည်ဖြစ်သည်။ အပူလျှပ်ပြီး နာလန်ထခါစကာလများတွင်လည်း နေပူထဲ အရိပ်အကာမပါဘဲ သွားခြင်း၊ ပြင်းပြင်းထန်ထန်လှုပ်ရှားမှုများ (အလုပ်၊ အားကစား) ပြုလုပ်ခြင်းတို့ကို ရှောင်ရှားသင့်သည့်အပြင် ဆရာဝန်၊ ဆရာမများ၏ မှာကြားအကြံပြုချက်များကို အပူလျှပ်ပြီးသည့် လူနာများအနေဖြင့် တိတိကျကျ လိုက်နာသင့်သည်။ အပူချိန်မြင့်မားသော ရာသီကာလများတွင် အပူလျှပ်ခြင်းအန္တရာယ်ကို သတိမူမိပြီး ဂရုစိုက်နေထိုင်ခြင်းဖြင့် အပူလျှပ်ခြင်းအန္တရာယ်ဘေးက ကင်းဝေးနိုင်မည်ဖြစ်သည်။

နွေရာသီရောက်ပြီဆိုလျှင်လည်း ဖေဖော်ဝါရီလကုန်မှ မေလလယ်ကာလအထိ လူသားများသည် နေရောင်ခြည်၏ အပူရှိန်ပြင်းပြမှုကို တဖြည်းဖြည်း တိုးမြင့်ခံစားကြရသည်။ မိုးရာသီနှင့် ဆောင်းရာသီတို့၏ အအေးဓာတ်ကြောင့်ဖြစ်ပေါ်နေသော ရောဂါများနှင့် အခြားအခြားသော ဆိုးကျိုးများသည် နွေရာသီတွင် နေရောင်ခြည်၏ အပူဓာတ်ကြောင့် လွင့်ပါးပျောက်ကွယ်သွားကြသည်။ ပတ်ဝန်းကျင်တွင် စွဲကပ်နေသော ပိုးမွှားများသည် နေရောင်ခြည်၏ ပြင်းထန်သောအပူချိန်တွင် သေဆုံးကြရသည်။ ရာသီဥတုက လူသားများကို ပြုပြင်စီရင်သွားရန်အခွင့်ရှိပြီး လူသားများက ရာသီဥတုကို ပြုပြင်နိုင်ရန် အကြောင်းမရှိ၊ ရာသီဥတုဆိုးရွားခြင်းကို လျော့ပါးကျော်လွှားရန် ကြိုးပမ်းနိုင်ခွင့်သာရှိသည်။ ရာသီဥတုကို လိုက်လျောညီထွေနေတတ်စေရန် လူသားတို့အတွက် သင့်တင့်လျောက်ပတ်သော ဉာဏ်၊ ပညာ၊ ဗဟုသုတများ ပြည့်စုံနေရန် လိုအပ်သည်။ ရာသီဥတုဖောက်ပြန်ခြင်းများကို တတ်နိုင်သမျှ ထိန်းသိမ်းကာကွယ်နိုင်စေရန် လိုအပ်သည့်နေရာများတွင် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် တဖြည်းဖြည်းကျော်လွှားနိုင်သကဲ့သို့ စိတ်ပိုင်းဆိုင်ရာ အပူဒဏ်များ လျော့ပါးကင်းငြိမ်းစေရေးအတွက် ဆောင်ရွက်ထားရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အပူချိန်သည် သိသိသာသာ မြင့်မားလာသည်ကို အားလုံးသတိပြုမိကြပေလိမ့်မည်။ တိုင်းဒေသကြီးအလိုက် ပျမ်းမျှအပူချိန်ထက် မြင့်မားလျက်ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ပျမ်းမျှအပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီမှ ၄ ဒီဂရီစင်တီဂရိတ်၊ နေပြည်တော်၊ မန္တလေး၊ မကွေး၊ ပဲခူး၊ ရန်ကုန်၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်း၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်တို့တွင် ပျမ်းမျှအပူချိန်ထက် ၂ ဒီဂရီစင်တီဂရိတ်ပိုခဲ့သည်။ ကချင်ပြည်နယ်တွင်မူ ဧပြီလ၌ ပျမ်းမျှအပူချိန်သာရှိသည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် ဂန့်ဂေါမြို့များတွင် ၄၅ ဒီဂရီစင်တီဂရိတ်၊ ကလေးဝမြို့၊ မုံရွာမြို့၊ မြင်းမူမြို့၊ မြင်းခြံမြို့၊ ဖားဆောင်းမြို့တို့တွင် နေ့အပူချိန် ၄၄ ဒီဂရီစင်တီဂရိတ်အထိရှိကြောင်း သိရသည်။ အပူချိန်နှုန်းများသည် ဧပြီလ၏ အပူချိန်နှုန်းဖြစ်သော်လည်း "တန်ခူးကဆုန် ဆွေ့ဆွေ့ခုန်" ဟူသော မြန်မာဆိုရိုးစကားအရ မြန်မာအခေါ် ကဆုန်လနှင့် အင်္ဂလိပ်လဖြစ်သော မေလတွင်လည်း ဧပြီလအပူချိန်ထက် မလျော့နိုင်ဟုယူဆသည်။ အပူချိန်မြင့်မားလာခြင်းကို ဝိုင်းဝန်းကာကွယ်ကြရန်လိုသည်။

အပူချိန်ကြောင့် လူများ၏ ကိုယ်တွင်းရေဓာတ်ဆုံးရှုံးစေခြင်း၊ ခန္ဓာကိုယ်တွင်းရှိ သွေးပျစ်စေးမှုနှင့် ဆားဓာတ်များ၏အခြေအနေများကို ပြောင်းလဲစေပြီး လူ့အသက်ကိုပင် ထိခိုက်စေနိုင်သည်။ အပူလှိုင်းများဖြစ်ပေါ်လာနေပြီး ကမ္ဘာ့မြို့ကြီးများတွင်အအေးဓာတ်များ လျော့နည်းလာနေသည်ကို လွန်ခဲ့သောနှစ်ပေါင်း ၄၀ ခန့်ကပင် တွေ့ရှိလာရသည်ဟု သိရသည်။ သာမန်တွေ့ကြုံနေကျ နွေရာသီအပူချိန်ထက် ပိုမိုမြင့်မားပြင်းထန်သော အပူချိန်များကြောင့် အပူဒဏ်သင့်မှုများကြုံလာနေရပြီး သေဆုံးရမှုများစွာဖြစ်ပေါ်နေသည်ကို တွေ့လာရသဖြင့် အထူးသတိပြု ဆင်ခြင်နေထိုင်ကြရန် ပညာရှင်များက သတိပေးတိုက်တွန်းထားကြသည်။ နေ့စဉ်အပူချိန်တိုးလာနေမှုများကြောင့် ခန္ဓာကိုယ်အတွင်းအပူဓာတ်များ စုပ်ယူဝင်ရောက်ကာ အန္တရာယ်ပေးနိုင်သည်။ နွေအပူချိန်တက်လာချိန်တွင် လေထုအပူချိန်နှင့်အတူ လေ၏စိုထိုင်းဆလည်း တက်လာလေ့ရှိသည်။ လေထု၏အပူချိန်သည် ၉၆ ဒီဂရီဖြစ်ပြီး လေထု၏ စိုထိုင်းဆသည် ၆၅ ဒီဂရီဖာရင်ဟိုက်ဖြစ်သွားသည်။ အပူဒဏ်အညွှန်းကိန်းသည် ၁၀၅ ဒီဂရီထက် နှစ်ရက်မျှ ကျော်လာပါက အပူဒဏ်ကို အထူးသတိပြု ကာကွယ်ဆောင်ရွက်ကြရန်ဖြစ်သည်။ အလွန်ပူပြင်းလာနေသည့် နွေရာသီအပူဒဏ်နှင့် အပူလျှပ်ခြင်းတို့ကို အထူးသတိပြုဆင်ခြင်နေထိုင်၍ ကာကွယ်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ရာသီဥတုပူပြင်းလာသည်နှင့်အမျှ အပူလျှပ်ခြင်းဆိုသည့် ကျန်းမာရေးဆိုင်ရာ ပြဿနာတစ်ရပ်ကို ရင်ဆိုင်ကြုံတွေ့ကြရသည်။ အပူလျှပ်ခြင်းသည် မပေါ့ဆဘဲ အလေးပေးဂရုစိုက်သင့်သည့် ကျန်းမာရေးဆိုင်ရာပြဿနာတစ်ရပ်ဖြစ်သည်။ ကိုယ်ခန္ဓာအပူချိန် ၄၀ ဒီဂရီစင်တီဂရိတ် (၁၀၄ ဒီဂရီဖာရင်ဟိုက်)နှင့်အထက်တွင် အပူလျှပ်ခြင်းဖြစ်ပွားတတ်သည်။ အပူလျှပ်ခြင်းဖြစ်ပွားပါက ခေါင်းမူးခြင်း၊ ပျို့အန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ အသက်ရှူမြန်ခြင်း၊ အရေပြားနီမြန်းခြင်း၊ ကြွက်သားများလှုပ်ခြင်းမှသည် စိတ်အခြေအနေပြောင်းလဲမှုများ (စိတ်ရှုပ်ထွေးခြင်း၊ ကယောင်ကတမ်းပြောခြင်း၊ စကားမပီခြင်း) သတိလစ်မေ့မြောခြင်းအထိဖြစ်နိုင်သည်။ အပူလျှပ်ခြင်းဖြစ်ပေါ်သည့်အခါ လူနာ၏ အရေပြားအသားအရေသည် မီးခဲကဲ့သို့ ပူခြစ်ပြီး ချွေးလုံးဝမထွက်တော့ပါ။ အရေးပေါ်ကုသမှုခံယူရမည့် အခြေအနေဖြစ်

# ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၂) ကျင်းပ

**နေပြည်တော် မေ ၂၈**

ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာ သက်ခိုင်ဝင်း သည် မေ ၂၆ ရက် မွန်းလွဲပိုင်းက ကျန်းမာရေးဝန်ကြီး ဌာန ရုံးအမှတ်(၄)၌ ကျင်းပခဲ့သော ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၂) သို့ တက်ရောက်ခဲ့သည်။



**သဘာဝဘေးအန္တရာယ်များ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ သဘာဝဘေးအန္တရာယ်များ အနေဖြင့် ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်း၊ လျှပ်စီးလှုပ်ခတ်ခြင်း၊ မီးလောင်ခြင်းနှင့် ကူးစက် ရောဂါအန္တရာယ်များ ကျရောက်ခြင်း အစရှိသော ဘေးအန္တရာယ်များ ဖြစ်ပွားနိုင်ခြေများရှိကြောင်း။

လတ်တလောကာလအတွင်း လွန်ခဲ့သည့် မေ ၂၁ ရက်တွင် လယ်ဝေးမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ လေဆင်နှာမောင်းတိုက်ခတ်ခဲ့မှုကြောင့် ထိခိုက် ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများ ဖြစ်ပွားခဲ့ကြောင်း၊ မိမိတို့ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူအများ ထိခိုက်ဒဏ်ရာရရှိမှုဖြစ်စဉ်အတွက် ဇာတ်တိုက် လေ့ကျင့်မှု၊ ဆေးပစ္စည်းကိရိယာ၊ ယာဉ်စသည်တို့ကို ကြိုတင်ပြင်ဆင်ထားရှိရာ အဆိုပါဖြစ်စဉ်တွင် အရေးပေါ်လူနာများကို ဆေးရုံသို့ လွှဲပြောင်း ပို့ဆောင်ကုသမှု၊ နောက်ဆက်တွဲ ကျန်းမာရေး ပြဿနာများ မဖြစ်ပွားစေရေး ကာကွယ်မှုလုပ်ငန်း များကို ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းမှုအားကောင်းစွာဖြင့် ဆောင်ရွက်နိုင်ခဲ့သည် ကို တွေ့မြင်ရကြောင်း။

ဘေးအန္တရာယ်ဖြစ်စဉ်များတွင် သက်ဆိုင်ရာ ကဏ္ဍအလိုက် လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက် လျက်ရှိသည့် ဌာနဆိုင်ရာများနှင့် အဖွဲ့အစည်းများအား ကျေးဇူးတင်ရှိကြောင်း၊ အဆိုပါဖြစ်စဉ်များတွင် လူအများထိခိုက်ဒဏ်ရာရရှိမှုများအတွက် တိုင်းဒေသ ကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ဆေးရုံများတွင် အသင့်ဖြစ်နေစေရေးအတွက် စုစည်းမှုအားကောင်း စွာဖြင့် ဆောင်ရွက်ထားစေလိုကြောင်း၊ အရေးပေါ် ဆေးသေတ္တာများတွင်ပါဝင်သည့် ဆေးဝါးပစ္စည်းများ ကိုလည်း အမြဲအသင့်ဖြစ်နေစေရေး ဆောင်ရွက် ထားရမည်ဖြစ်ကြောင်း၊ ဘေးအန္တရာယ်ဖြစ်စဉ်များ တွင် ထိခိုက်ဒဏ်ရာရရှိသူများအား အရေးပေါ်ကုသ မှုနှင့် ရှေးဦးသူနာပြုစုမှုများတွင် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများက ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ အဆိုပါအဖွဲ့ အစည်းများနှင့် ကွန်ရက်ချိတ်ဆက်မှုများ အားကောင်း စေလိုကြောင်း။

ဘေးအန္တရာယ်ဖြစ်စဉ်ဆိုင်ရာ သတင်းအချက် အလက်များအား အချိန်နှင့်တစ်ပြေးညီ ရယူခြင်းနှင့် ဖြန့်ဝေခြင်းတို့ကို ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေကွပ်ကဲရေးစင်တာများ အမြဲတမ်း အသင့် ရှိနေရမည်ဖြစ်ကြောင်း။

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန အနေဖြင့် ကြိုတင်ခန့်မှန်းသိရှိနိုင်သည့် ဘေးအန္တရာယ် ဖြစ်စဉ်များအတွက် သတိပေးကြေညာချက်များ ထုတ်ပြန်ပေးလျက်ရှိပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံ ခန့်ခွဲမှုဦးစီးဌာနအနေဖြင့်လည်း ဘေးအန္တရာယ် အမျိုးအစားအလိုက် စောစီးစွာသိရှိနိုင်သည့် ကြိုတင် သတိပေးလက္ခဏာများကိုလည်း အသိပညာပေးမှု များ ဆောင်ရွက်လျက်ရှိကြောင်း၊ ဘေးအန္တရာယ် ဖြစ်စဉ်ကျရောက်မှုအား ကြိုတင်ခန့်မှန်းသိရှိနိုင်သည့် ဖြစ်စဉ်များအတွက် ကြိုတင်သတိပေးလက္ခဏာများ နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး ဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်း၊ ကျန်းမာရေး ဝန်ကြီးဌာနအနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ ကျန်းမာရေးကဏ္ဍ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ခြင်း လုပ်ငန်းများကို ဦးစားပေးလုပ်ငန်းတစ်ရပ်အနေဖြင့် အထူးဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့အစည်းအဝေးတွင် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုများ၊ ပူးပေါင်းဆောင်ရွက်နေမှုများ နှင့်ပတ်သက်၍ ပွင့်လင်းစွာဆွေးနွေးကြရန် ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ကျန်းမာရေးစောင့်ရှောက်မှု ဆိုင်ရာစီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ အတွင်းရေးမှူး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ကျန်းမာရေးစောင့်ရှောက် မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဖွဲ့စည်းပုံနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး (၁) ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြား ရေးမှူးချုပ် ဒေါက်တာထွန်းတင်က ကျန်းမာရေး ဝန်ကြီးဌာနမှ ဆောင်ရွက်ထားရှိမှုများနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက် လာသည့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံ ခန့်ခွဲမှုလုပ်ငန်းကော်မတီ အဖွဲ့ဝင်များက သက်ဆိုင် ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုများနှင့် ပူးပေါင်း ဆောင်ရွက်နေမှုများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်း အဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်




# ထန်းတပင်မြို့နယ် ပြည်သူ့ဆေးရုံ၌ ကလေးငယ်များ ကာကွယ်ဆေးများ ထိုးနှံပေး

**ထန်းတပင် မေ ၂၈**

ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ်၌ အသက်နှစ်လမှ သုံးနှစ် အရွယ်ထိ ကလေးငယ်များအား ကူးစက်ရောဂါဖြစ်ပွားမှုမှ ကင်းဝေး စေရန် အသက်အရွယ်အလိုက် ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း များကို မြို့နယ်ပြည်သူ့ဆေးရုံ၌ ယနေ့နံနက် ၁၀ နာရီမှစ၍ ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးလျက်ရှိကြောင်း သိရသည်။

ကလေးငယ်များကို ကာကွယ်ဆေးထိုးနှံတိုက်ကျွေးပေးရာတွင် ရပ်ကွက်နှင့် ကျေးရွာများရှိ အသက်နှစ်လအရွယ်မှ သုံးနှစ်အရွယ်ထိ ကလေးငယ်များအား မြို့နယ်ကုသရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး နှင့်ဝန်ထမ်းများက ပုံမှန်ကာကွယ်ဆေးများဖြစ်သော ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ် ကာကွယ်ဆေး ပိုလီယို၊ အကြောသေ၊ ဂျိုက်သိုး၊ ဂျပန်ဦးနှောက်ရောင် ရောဂါ ၁၀ မျိုးနှင့် ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေးခြင်းများ ကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့နောက် ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးနေမှုအား မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူးဝင်းနိုင်နှင့် ဌာနဆိုင်ရာ တာဝန် ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက လာရောက်အားပေး ခဲ့ကြပြီး ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းများကို မေ ၂၄ ရက်မှ ၃၀ ရက်အထိ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဦးစီးဌာနမှ သိရ သည်။

မြို့နယ်(ပြန်/ဆက်)

# ပေါက်ခေါင်းမြို့နယ်၌ ကမ္ဘာ့ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

**ပေါက်ခေါင်း မေ ၂၈**

ပဲခူးတိုင်း ဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ပြည်သူ့ ကျန်းမာရေးဦးစီးဌာန၊ မိခင်နှင့် ကလေး ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေး ဌာနခွဲ များတွင် ယနေ့နံနက် ၉ နာရီက စတင်၍ ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တ ပတ်လှုပ်ရှားဆောင်ရွက်မှု အစီ အစဉ်ဖြင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသော အသက်သုံး နှစ် အောက် ကလေးငယ်များအား တိုးချဲ့ ကလေးကာကွယ်ဆေး ထိုးနှံပေးခြင်းများကို ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

**ထိုးနှံပေး**

အဆိုပါ ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးပေးရေးလုပ်ငန်းများ ကို အခြေခံကျန်းမာရေးဝန်ထမ်း များက ထိုးနှံပေးရာတွင် ကလေး ငယ်များအား ပြင်းထန် အဆုတ် ရောင်ကာကွယ်ဆေး၊ငါးမျိုးစပ် ကာကွယ်ဆေး၊ ပိုလီယိုကာကွယ် ဆေး၊ ဝက်သက်နှင့် ဂျိုက်သိုး ရောဂါ ကာကွယ်ဆေး၊ ပြင်းထန် ဝမ်းပျက် ဝမ်းလျှောရောဂါ ကာကွယ်ဆေးတို့ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန် ချက်များနှင့်အညီ ထိုးနှံပေးခဲ့ ကြောင်း သိရသည်။




မြို့နယ်(ပြန်/ဆက်)

# ရွှာငံမြို့နယ်၌ ကိုဗစ် - ၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး Mask Campaing ပြုလုပ်



**ရွှာငံ မေ ၂၈**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှာငံ မြို့နယ်၌ ကိုဗစ် -၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေးအတွက် Mask Campaing ကို ယနေ့နံနက် ၇ နာရီတွင် မင်္ဂလာကျောင်းကြီးရှေ့ ပြည်သာယာလမ်းမပေါ်နှင့် ရွှာငံမြို့ဈေးအတွင်း၌ ပြုလုပ်ခဲ့သည်။

အဆိုပါ Mask Campaing ကို ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် ရွှာငံမြို့နယ်စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များက ဦးဆောင်ကာ မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ ၊ ကျန်းမာရေး ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန၊မီးသတ်ဦးစီးဌာန၊ မိခင် နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင် များ စသည့်ဌာနဆိုင်ရာများ ပူးပေါင်း၍ ကား၊ ဆိုင်ကယ်များဖြင့် ခရီး သွားများ၊ ဈေးရောင်း၊ ဈေးဝယ် အများပြည်သူများအား ကိုဗစ် – ၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေး ပညာပေးဟောပြောခြင်းများနှင့်အတူ နှာခေါင်းစည်း အခု ၁၅၀၀ ကျော်အား ဝေငှပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ် Mr. Marcoluigi Corsi နှင့်တွေ့ဆုံ



**နေပြည်တော် ဧပြီ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF)၏ မြန်မာနိုင်ငံဆိုင်ရာဌာနေ ကိုယ်စားလှယ် Mr. Marcoluigi Corsi ဦးဆောင်သောအဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါ ဝန်ကြီးဌာန မေခလာခန်းမတွင်တွေ့ဆုံသည်။

တွေ့ဆုံစဉ် UNICEF ၏ လက်ရှိလုပ်ငန်းအစီအစဉ်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောနိုင်ငံတကာအဖွဲ့အစည်းများမှ နိုင်ငံခြားသား ဝန်ထမ်းများအတွက် ပြည်ဝင်ဗီဇာ၊ နေထိုင်ခွင့်သက်တမ်းတိုးခြင်းနှင့် ပြည်တွင်းခရီးသွားလာရေး ထောက်ခံမှုပြုနိုင်မည့်ကိစ္စ၊ လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းကိစ္စ၊ ဝန်ကြီးဌာနနှင့် UNICEF တို့ ဆက်လက်၍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေး အစီအစဉ်များကို ပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးစိုးကြည်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အယူခံခြင်းတို့ကို လက်ခံစစ်ဆေးဆောင်ရွက်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဧပြီ ၂၈**

လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အယူခံခြင်းတို့ကိုလက်ခံစစ်ဆေး ဆောင်ရွက်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ တင်ထွဋ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ အရာထမ်းများ တက်ရောက်ကြသည်။



ဦးစွာဒုတိယဝန်ကြီးက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများအပါအဝင် ပြည်သူများနှင့် တိုက်ရိုက်ထိတွေ့ ဆက်ဆံခြင်း၊ နည်းပညာနှင့် အသိပညာပေးလုပ်ငန်း အပါအဝင် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ လယ်ယာမြေဥပဒေပါ သိရှိသင့်သည့် အချက်များ၊ လိုက်နာရမည့် စည်းကမ်းချက်များကို ထဲထဲဝင်ဝင် သိရှိလိုက်နာနိုင်မည့် အစီအမံများ ချမှတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ လယ်ယာမြေဥပဒေနှင့် ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မသိနားမလည်ခြင်းကြောင့် ဖြစ်စေ၊ အလိုလောဘကြောင့် အငြင်းပွားခြင်းဖြစ်စေ ဖြေရှင်းဆောင်ရွက်ပေးကြရသည့် လယ်ယာမြေစီမံခန့်ခွဲမှု အဖွဲ့ဝင်များအနေဖြင့် တည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ အဂတိကင်းရှင်းစွာ ဖြေရှင်းဆောင်ရွက်ကြရန်လိုကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသူများအနေဖြင့် မိမိတို့ကြုံတွေ့ခဲ့ရသော အတွေ့အကြုံ၊ ဗဟုသုတများအား အချင်းချင်း မျှဝေအသိပညာဖလှယ်ကြပြီး လယ်ယာမြေလုပ်ပိုင်ခွင့်အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အယူခံခြင်းဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ အမြဲအမိန့်၊ ညွှန်ကြားချက်များနှင့်ပတ်သက်သော အသိပညာဗဟုသုတများ၊ ဆောင်ရန်ရှောင်ရန်များကို မိမိလက်အောက်ရှိ ဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ တောင်သူလယ်သမားများနှင့် အများပြည်သူများအား ဆက်လက်ဖြန့်ဝေ ညွှန်ကြားဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့် အငြင်းပွားမှုဖြေရှင်းခြင်းနှင့် အယူခံခြင်းများအား လက်ခံစစ်ဆေး ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများကို ဒေသအလိုက်၊ လုပ်ငန်းအလိုက် တင်ပြဆွေးနွေးခဲ့ကြသည်။

၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ နိုင်ငံတစ်ဝန်းနေရာအနှံ့အပြား၌ လယ်ယာမြေ ဥပဒေဆိုင်ရာ သင်တန်းများ၊ ဆွေးနွေးပွဲများ၊ ဟောပြောပွဲများ ပြုလုပ်ခဲ့ပြီး ဥပဒေပိုင်းဆိုင်ရာ အသိပညာပေးမှုများ ဆောင်ရွက်ပြီးဖြစ်သော်လည်း လယ်ယာမြေ အငြင်းပွားမှုကိစ္စများ၊ လယ်ယာမြေပေါ်မှာ လိုက်နာရမည့်ကိစ္စများနှင့် ပတ်သက်သော ဆန်းစစ်ချက်များအရ တောင်သူလယ်သမားများ၊ ပြည်သူများ၊ ဌာနဆိုင်ရာများ အနေဖြင့် နားလည်သဘောပေါက်ရန် လိုအပ်ချက်များ ရှိနေသေးသည်ကို လေ့လာတွေ့ရှိရသဖြင့် အလုပ်ရုံဆွေးနွေးပွဲများ ပြန်လည်ကျင်းပရန်နှင့် လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေဖြင့် လိုအပ်သည့် ညွှန်ကြားထုတ်ပြန်ချက်များကို ယခုအစည်းအဝေးတွင် တင်ပြဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# (၃၄) ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှုအသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေး ကျင်းပ

**နေပြည်တော် ဧပြီ ၂၈**

၂၀၂၃ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ယူထားသည့် အင်ဒိုနီးရှားနိုင်ငံမှ ကြီးမှူး၍ (၃၄) ကြိမ်မြောက် အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးဖြစ်သူ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့် (SOCA Leader) ဦးဆောင်၍ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

(၃၄) ကြိမ်မြောက် အာဆီယံ လူမှု- ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ လူသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ယဉ်ကျေးမှုရေးရာ ညှိနှိုင်းရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာဆက်ဆံရေးညှိနှိုင်းမှုဝန်ကြီး၏ ဝါရင့်အကြံပေးပုဂ္ဂိုလ် Dr. Joko Kusnanto Anggoro က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ကျန်းမာရေးကတိကဝတ်ပြုမှုဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ကြေညာချက်၊ အကျပ်အတည်း အခြေအနေများတွင် ရွှေ့ပြောင်း အလုပ်သမားများနှင့် မိသားစုဝင်များကို အကာအကွယ်ပေးရေး အာဆီယံကြေညာစာတမ်း၊ ရွှေ့ပြောင်းငါးဖမ်းလုပ်သားများ နေရာချထားရေးနှင့် ကာကွယ်ရေးဆိုင်ရာ အာဆီယံကြေညာစာတမ်းနှင့် အာဆီယံကျေးရွာ ကွန်ရက် တည်ထောင်ရေးဆိုင်ရာ အာဆီယံခေါင်းဆောင်များ၏ ထုတ်ပြန်ချက်တို့နှင့်ပတ်သက်၍လည်းကောင်း၊ ဘန်ဒါဆရီဘီဂါဝန်ကြေညာစာတမ်းပါ အာဆီယံ၏ အရေးပေါ်အခြေအနေများနှင့် ဘေးအန္တရာယ်များဆိုင်ရာတုံ့ပြန်မှုများကို ချိတ်ဆက်ရန် အာဆီယံ မဟာဗျူဟာနှင့် အကောင်အထည်ဖော်ရေးဆိုင်ရာ လတ်တလောအခြေအနေများ (ASEAN SHIELD) နှင့် အာဆီယံ အသိုက်အဝန်း၏ ၂၀၂၅ အလွန်မျှော်မှန်းချက်ဆိုင်ရာ Ha Noi ကြေညာစာတမ်း၏ နောက်ဆက်တွဲအဖြစ် အဆင့်မြင့်လုပ်ငန်းအဖွဲ့ High-Level Task Force (HLTF) အစည်းအဝေးများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။




ဆက်လက်၍အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်း မဏ္ဍိုင် လမ်းညွှန်အခြေပြမြေပုံ ၂၀၂၅ နှစ်လယ် အစီရင်ခံစာရေးသားတင်သွင်းခဲ့မှု ၊ ကဏ္ဍစုံ မဏ္ဍိုင်စုံ ပူးပေါင်းဆောင်ရွက်မှု၊ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းမဏ္ဍိုင်၏ ဆက်စပ်လုပ်ငန်းအစုအဖွဲ့များနှင့် ASEAN Comprehensive Recovery Framework (ACRF) နှင့် ၎င်း၏ အကောင်အထည်ဖော်ရေး အစီအစဉ်၊ စတုတ္ထမြောက် စက်မှုတော်လှန်ရေးတွင် စုစည်းထားသော မဟာဗျူဟာ၊ အာဆီယံစီးပွားရေးအသိုက်အဝန်းမဏ္ဍိုင် Circular Economy ၏ မူဘောင်၊ တီမောလက်စ်တေနိုင်ငံမှ အာဆီယံအဖွဲ့ဝင်အဖြစ် ဝင်ရောက်နိုင်ရေး လျှောက်ထားလာမှု၊ မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာစီမံချက် ၂၀၂၅ ၊ အာဆီယံ သုတေသနနှင့် ဖွံ့ဖြိုးမှုစကြံများ၊ အာဆီယံပြည်သူများအကြား ပိုမိုနားလည်မှု၊ သင့်မြတ်မှုနှင့် ဒေသဆိုင်ရာ အစီအစဉ်များကို နားလည်သဘောပေါက်သည့် လိုက်လျောညီထွေမှုရှိသော အာဆီယံအသိုက်အဝန်း မြှင့်တင်ခြင်းဆိုင်ရာ မဟာဗျူဟာပြစာအုပ်၊ အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအမြဲတမ်း ကိုယ်စားလှယ်များ အဖွဲ့ရုံးအသီးသီးတွင် Secondment Officer အရာထမ်းများ တွဲဖက် ခန့်အပ်နိုင်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက (၄၂) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများသို့ တင်သွင်းမည့် မှတ်တမ်းမှတ်ရာ သုံးခုကို အတည်ပြုရန် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေတိဂုံစေတီတော် အဆင့်မြင့်ယဉ်ကျေးမှုသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၈

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ကကြီးမှူး ဖွင့်လှစ်သည့် အဆင့်မြင့် ယဉ်ကျေးမှုသင်တန်း အမှတ်စဉ်(၉) သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော် ရင်ပြင် အရှေ့ဘက်မုခ်ရှိ ရေကြည်တော် ဝတ်အသင်းတန်ဆောင်း၌ ကျင်းပသည်။



အခမ်းအနားတွင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးမင်းလွင်က သင်တန်းပြီးမြောက်အောင်မြင်မှု အထိမ်းအမှတ်စကား ပြောကြားပြီး သင်တန်းနည်းပြ မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးဟန်က သင်တန်း သင်ကြားပြီးစီးမှုနှင့် ပတ်သက်၍ ရှင်းလင်း ပြောကြားသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက သင်တန်းနည်းပြဆရာကြီးနှင့် ဆရာမကြီးအား ဂါရဝပြုလက်ဆောင်နှင့် ဆုရသင်တန်းသားများကို ဆုချီးမြှင့်ပေးအပ်ကြပြီး သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါသင်တန်းကို ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံး ဝန်ထမ်းများ၊ စေတီတော်ကြီး၏ ဝေယျာဝစ္စ လုပ်ငန်းများဆောင်ရွက်ရာတွင် ထေရဝါဒဗုဒ္ဓဘာသာ ယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ ဆောင်ရွက်နိုင်ရန်နှင့် အများပြည်သူနှင့် ဆက်ဆံပြောဆိုရာတွင် ကိုယ်နှုတ်နှလုံး ယဉ်ကျေးသိမ်မွေ့စေရန် ရည်ရွယ်၍ ဧပြီ ၁၈ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားပို့ချခဲ့ပြီး သင်တန်းသား သင်တန်းသူ ၂၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများဖြစ်သည့် "ဆီမီးတိုင်များ ကိုင်ဆောင်လှည့်လည်ပူဇော်ပွဲ" နှင့် "ဓမ္မပူဇာသဘင်ဆင်ယင်ကျင်းပပွဲ" များ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မေ ၂၈

ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကို မေ ၃ ရက် ညနေပိုင်းနှင့် ညပိုင်းတို့တွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်း၌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ခမ်းနားထည်ဝါစွာ ကျင်းပသွားမည် ဖြစ်သည်။

နေပြည်တော် ဥပ္ပါတသန္တိစေတီတော် ပရိဝုဏ်အတွင်းတွင် ကဆုန်လပြည့် ဗုဒ္ဓနေ့ဆိုင်ရာ မဟာမင်္ဂလာအခမ်းအနားများကို စီစဉ်ကျင်းပသွားမည်ဖြစ်ရာ ညနေ ၆ နာရီ ၄၅ မိနစ်မှစတင်၍ ဆီမီးတိုင်များ ကိုင်ဆောင်လှည့်လည်ပူဇော်ပွဲနှင့် ည ၈ နာရီတွင် ကျင်းပမည့် ဓမ္မပူဇာသဘင်ဆင်ယင်ကျင်းပပွဲတို့ကို MRTV Farmers' Channel၊ MRTV Parliament Channel၊ MRTV Sports Channel၊ MWD EDUCATION, KNOWLEDGE & SPORTS Channel၊ TVM Channel၊ Channel LIGHTနှင့် WAF Channel တို့မှ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ပြီး MRTV – HD Channel မှ ဆီမီးတိုင်များ ကိုင်ဆောင်လှည့်လည်ပူဇော်ပွဲ စတင်ချိန်မှ ည ၈ နာရီ သတင်းမတိုင်မီအထိ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ဓမ္မပူဇာသဘင်ဆင်ယင်ကျင်းပပွဲကို ည ၈ နာရီ သတင်းများအပြီး ည ၉ နာရီခန့်မှစ၍ ထုတ်လွှင့်သွားမည်ဖြစ်သည်။

ဓမ္မပူဇာသဘင်တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သန်လျင်မင်းကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာဘိဝံသက ငါးပါးသီလချီးမြှင့်ပေးမည်ဖြစ်ပြီး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ရွှေကျင်သာသနာပိုင်ဖြစ်တော်မူသော အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ က တရားရေအေးအမြိုက်ဆေးကို တိုက်ကျွေးသွားမည်ဖြစ်သည်။

သတင်းစဉ်

## နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒ ဆရာတော်ကြီး၏ ဝိဇာတမွေးနေ့မင်္ဂလာနှင့် သိက္ခာတော်ထပ်အလှူတော်မင်္ဂလာကျင်းပ

ရန်ကုန် မေ ၂၈

မွန်ပြည်နယ် ကျိုက်မရောမြို့ ဆုတောင်းပြည့် ဘုရားကြီးကျောင်းတိုက်နှင့် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ကန်ဦးကျောင်းတိုက် အမှတ်(၅)ဝိုင်း ကျိုက်မရောဘုရားကြီးကျောင်းတိုက်ခွဲ၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒ ဆရာတော်ကြီး၏ ဝိဇာတမွေးနေ့အလှူတော်နှင့် သိက္ခာတော်ထပ်အလှူတော်ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် ကန်ဦးကျောင်းတိုက် အမှတ်(၅)ဝိုင်း ကျိုက်မရောဘုရားကြီးကျောင်းတိုက်၌ ကျင်းပသည်။



ဦးစွာ ဆရာတော်၊ သံဃာတော်များနှင့် ဧည့်ပရိသတ်အပေါင်းတို့က "နမောတဿ" သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ပြီး မွန်ပြည်နယ် ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီး နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝါရိန္ဒ ဆရာတော်ကြီးက ငါးပါးသီလ ချီးမြှင့်ပြီး ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ကြသည်။

ထို့နောက် တက်ရောက်လာသူများက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ဆရာတော် သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘဒ္ဒန္တဝါရိန္ဒ ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

### မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် မေ ၂၈

ကချင်ပြည်နယ်တွင် နေရာစိပ်စိပ်၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲ နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မိုး/ဇလ

## ကဆုန်လပြည့် ကမ္ဘာ့ဗုဒ္ဓနေ့ဝယ် သွန်းကြညောင်ရေ ဖြိုးဖြိုးဝေ

❂ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့တွင်
စွေ့စွေ့ငယ်ထူ၊ နွေလယ်ပူမှာ
သို့ပူရှိန်ကြောင့်၊ နွမ်းသွေ့ခြောက်သည်
ပူနှောင့်ဗျာပွေ၊ စိုးရွံ့ပေသည့်
ပွင့်လေဗုဒ္ဓ၊ ဗောဓိလှကို
မညှိုးမနွမ်း၊ စိမ်းစိုလန်းအောင်
ရေချမ်းကြည်မြ၊ သွန်းလောင်းကြသည်
အတီရှေးက ဓလေ့လှ။
ရေကြည်ချမ်းမြ အေးချိုပ။

❂ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့တွင်
မမေ့ဖွယ်ရာ၊ ဖြစ်တည်ပါ၍
ဗျာဒိတ်လည်းခံ၊ ဖွားနေ့မှန်သည်
ပွင့်စံနေ့လည်း၊ တစ်နေ့တည်းမှာ
ကြုံခဲပေမှန်၊ ဤလေးတန်ကြောင့်
သွန်းလျှံပေသည်၊ ထိုစေတီကို
ရေကြည်ဖျန်းဖို့ စိတ်ဖန်လို့။
မသွေတည်မှန်းလို့ နိဗ္ဗာန်သို့။

❂ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့တွင်
မမေ့စိတ်စဉ်၊ ဗောဓိပင်ဝယ်
ရှေးစဉ်ခါဆို၊ မာန်နတ်ကိုပင်
အောင်ဆိုနိမိတ်၊ အောင်အဟိတ်နှင့်
အောင်စိတ်ဖိတ်ကြူး၊ အောင်ခဲ့ဖူးကာ
အထူးမမေ့၊ မြတ်သည့်နေ့ကို
ဆုံတွေ့ပါသည် ချိန်ခါဆီ။
မှန်မမေ့ပါပြီ ရင်မှာတည်။

❂ ကဆုန်လပြည့်၊ ဗုဒ္ဓနေ့တွင်
ဖျန်းလေ့ပူဇော်၊ မွှေးပျံ့ကျော်သော
ရှင်တော်ဗုဒ္ဓ၊ ရွှေဉာဏ်ရသည့်
သဗ္ဗညုမှန်၊ တရားမှန်ကို
ရပြန်ရလျှင်၊ ဗောဓိပင်သည်
ထိပ်တင်ထွတ်ထား၊ မြတ်ဘုရားသို့
မှန်းကာဦးတင် ရေသွန်းစဉ်။
ဖျန်းကာဦးတင် ရွှေဉာဏ်ရှင်။

❂ ဩော်...
ကဆုန်လပြည့်၊ ဗုဒ္ဓနေ့တွင်
ရှေးစဉ်ကာလ၊ ပူဇော်ကြသည့်
သွန်းကြရေသည်၊ အေးမြကြည်မို့
ထိန်းပြီရှေးက၊ လက္ခဏာတို့
မပျောက်မကြား၊ မတိမ်းပါးအောင်
မှိုတ်ကာမသုန်၊ ထိန်းသိမ်းကုန်သည်
မြန်ဂုဏ်ဓလေ့ တိုးကာမွေ့။
လျှံထုံကြည်မွေ့ ရှီးရာပေ့။ ။

ပြေအေးသက်

# တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် လူရည်ချွန်ကျောင်းသား ကျောင်းသူများနှင့် လူရည်ချွန်ကြီးများ တွေ့ဆုံ၊ ပညာရေးဆိုင်ရာ ဟောပြောပွဲနှင့် ညစာစားပွဲကျင်းပ



တောင်ကြီး မေ ၂၈

တောင်ကြီး လူရည်ချွန်အပန်းဖြေစခန်းတွင် ရောက်ရှိနေသည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဒသမတန်း(Grade-10) လူရည်ချွန်ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက် ၈ နာရီတွင် တောင်ကြီးလူရည်ချွန်အပန်းဖြေစခန်းရှိ ဒေါ်ခင်သိန်း ခန်းမ၌ လူရည်ချွန်အဖွဲ့(၁၉၆၄-၈၈)မှ လူရည်ချွန်ကြီးများနှင့်တွေ့ဆုံ၍ ပညာရေးဆိုင်ရာ ဟောပြောပွဲ ကျင်းပရာ လူရည်ချွန်ကြီးများ ဖြစ်ကြသည့် ဒေါ်နန်းမိုမိုသီတာက မိတ်ဆက်စကားပြောကြားပြီး ဦးခင်မောင်ကြည်က လူရည်ချွန်အဖွဲ့(၁၉၆၄-၈၈) အကြောင်း သိကောင်းစရာများကို ပြောကြားသည်။

ဟောပြောပို့ချ

ဆက်လက်၍ သက်ကြီးစကား သက်ငယ်ကြား အစီအစဉ်အရ လူရည်ချွန်ကြီးများ ဖြစ်ကြသည့် ဒေါက်တာအောင်သာထွန်းက "ဘဝတစ်လျှောက် ဦးနှောက်အသုံးချပုံ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်မြတ်မြတ်ထွေးက "လူရည်ချွန်နှင့်ပညာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစိုးညွန့်က "သက်ကြီးစကားသက်ငယ်ကြား" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်နန်းမေသောင်းခင်က "တောင်ပေါ်သူကျွန်မ လူရည်ချွန်ဘဝ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးခင်မောင်ကြည်က "ကမ္ဘာ့ရေကြောင်း သင်္ဘောမောင်းနှင်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်နန်းမိုမိုသီတာက "Entrepreneurship" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဦးစိုးမြင့်က "ထာဝရလူရည်ချွန်နှင့် အပန်းဖြေခြင်း (Once LYC ever LYC)" ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောပို့ချကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူ လူရည်ချွန်မောင်/မယ်များက မေးမြန်းကြရာ လူရည်ချွန်ကြီးများက ပြန်လည်ဖြေကြားကြပြီး လူရည်ချွန်သီချင်းများကို လက်ဆင့်ကမ်းသင်ကြားပေးသည်။

ညနေပိုင်းတွင် တောင်ကြီးလူရည်ချွန်စခန်း၌ ညစာစားပွဲကို ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးနှင့် ပြည်နယ်ဝန်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ရှမ်းပြည်နယ် ပညာရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်၍ လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့် အတူတကွ ရင်းရင်းနှီးနှီး ညစာသုံးဆောင်ကြသည်။

ဖျော်ဖြေတင်ဆက်

အဆိုပါ ညစားစားပွဲ၌ ညောင်ရွှေမြို့နယ်မှ တင်ဆက်သည့် တိုင်းရင်းသားရိုးရာ ဖျော်ဖြေရေး အစီအစဉ်တွင် ရွှေတောင်ရပ်ကွက် သမီးငယ်များက ဝံသာနုပျိုမေ သီချင်းဖြင့် လည်းကောင်း၊ အထက-ခေါင်တိုင်မှ အင်းသူလေးရဲ့ဖိတ်ခေါ်သံ၊ ကုမုဒြာ၊ ပအိုဝ်းသီချင်းတို့ဖြင့်လည်းကောင်း၊ မူလွန်-ကန်ရွာမှ ထာဝရသစ္စာ သီချင်းဖြင့်လည်းကောင်း၊ အလက-ညောင်ဝန်းနောက်မှ ရွှေအင်းသားမီး သီချင်းဖြင့်လည်းကောင်း၊ အမက-သဲကုန်းမှ လှမ်းလာခဲ့ပါ အင်းကန်သာ သီချင်းဖြင့်လည်းကောင်း၊ အမက-လွယ်ငြိမ့်မှ ထာဝရမြန်မာသီချင်းဖြင့် လည်းကောင်း၊ အမက-တောင်ပို့ကြီး(မ)မှ တောင်ယာဝင်ချိန်သီချင်းဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြကြောင်း သိရသည်။

သတင်းစဉ်



# ရောဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ၂၀၂၃ ခုနှစ် လူရည်ချွန်မောင်/မယ်များအား ပုသိမ်မြို့၌ ဂုဏ်ပြုကြိုဆို

ပုသိမ် မေ ၂၈

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်လူရည်ချွန်စခန်းသို့ လေ့လာရေးခရီးလာရောက်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကောဒသမတန်းလူရည်ချွန်မောင်/မယ် ၁၅၈ ဦးအား ဂုဏ်ပြုကြိုဆိုပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်ဟိုတယ်၌ ကျင်းပသည်။

ကြိုဆို

ဦးစွာ ငွေဆောင်လူရည်ချွန်စခန်းသို့ လေ့လာရေးခရီးလာရောက်သည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကောဒသမတန်း လူရည်ချွန် မောင်/မယ် ၁၅၈ ဦးအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ဇနီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုပန်းစည်းများဖြင့် ချစ်ကြည်ရင်းနှီးစွာ ကြိုဆိုကြပြီး အိုးစည်ဗိုင်းများ၊ ကရင်ဒိုးယိမ်းအကများဖြင့် စည်ကားသိုက်မြိုက်စွာ ဂုဏ်ပြုကြိုဆိုကြသည်။ ထို့နောက် ပုသိမ်ဟိုတယ်တွင် လူရည်ချွန်မောင်/မယ်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ၂၀၂၃ ခုနှစ် Grade-11 လူရည်ချွန်မောင်/မယ်တို့အား ဧရာဝတီတိုင်းဒေသကြီးအနေဖြင့် ဝမ်းပန်းတသာ လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြောင်း၊ ငွေဆောင်လူရည်ချွန်စခန်း၌ ရောက်ရှိနေစဉ်ကာလအတွင်း လူရည်ချွန်မောင်/မယ်များ ဗဟုသုတများရရှိအောင် လေ့လာရေးခရီးစဉ်များလည်း စီစဉ်ထားကြောင်း၊ တိုင်းဒေသကြီး၏ အထိမ်းအမှတ်ဖြစ်သည့် ပုသိမ်ထီးလုပ်ငန်း၊ ပုသိမ်ဟာလဝါလုပ်ငန်းများကိုလည်း လေ့လာနိုင်ရေး ဆောင်ရွက်ပေးထားကြောင်း၊ မိမိတို့တိုင်းဒေသကြီး၏ သဘာဝအလှအပများ၊ ဒေသထွက်ကုန်များအား ကျန်းမာပျော်ရွှင်စွာဖြင့် လေ့လာနိုင်ကြစေကြောင်း ပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လူရည်ချွန်မောင်/မယ်များနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ငွေဆောင်လူရည်ချွန်စခန်းသို့ ဆက်လက်ထွက်ခွာသည့် လူရည်ချွန်မောင်/မယ်များအား နှုတ်ဆက်ခဲ့ကြသည်။ ယင်းနောက် လူရည်ချွန်မောင်/မယ်များသည် မွန်းလွဲပိုင်းတွင် လူရည်ချွန်စခန်းဖွင့်လှစ်ထားသည့် ငွေဆောင်မြို့သို့ ရောက်ရှိရာ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကောဒသမတန်း(Grade-11) လူရည်ချွန် ကျောင်းသား ကျောင်းသူများ လှိုင်မြို့နယ်ရှိ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာ

ရန်ကုန် မေ ၂၈

ငွေဆောင်လူရည်ချွန်စခန်းသို့ သွားရောက်ကြမည့် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကောဒသမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်ဆရာ ဆရာမ စုစုပေါင်း ၁၇၄ ဦး ပါဝင်သော အဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်မှ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် စီမံခန့်ခွဲမှုသင်တန်းကျောင်းသို့ ရောက်ရှိကြသည်။

ထိုသို့ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများနှင့် ဆရာ ဆရာမများက ကြိုဆိုကြပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

မွန်းလွဲပိုင်းတွင် လူရည်ချွန် ကျောင်းသားကျောင်းသူများသည် လှိုင်မြို့နယ်၊ နျူကလီးယားနည်းပညာ သတင်းအချက်အလက်စင်တာသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။ ထို့နောက် ရွှေတိဂုံစေတီတော်မြတ်သို့ သွားရောက်ဖူးမြော်ကြည်ညိုရာ ရှေ့ဟောင်းတန်ဆောင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၏ သမိုင်းကြောင်းအား ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ရှင်းလင်းပြောကြားသည်။ ယင်းနောက် လူရည်ချွန် ကျောင်းသား ကျောင်းသူများစုပေါင်း၍ ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေသင်္ကန်းတော်အတွက် ငွေကျပ် ၁၁၇၅၅၀၀ ကို ရွှေတိဂုံစေတီတော်ဂေါပက အဖွဲ့ထံသို့ ပေးအပ်လှူဒါန်းသည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူရည်ချွန်များနှင့် ကြီးကြပ်ဆရာ ဆရာမတို့အား ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ညစာဖြင့် ဂုဏ်ပြုတည်ခင်းဧည့်ခံကြသည်။

လူရည်ချွန် ကျောင်းသား ကျောင်းသူများသည် ယနေ့နံနက် ၆ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်လူရည်ချွန်စခန်းသို့ ဆက်လက်ထွက်ခွာကြပြီး မွန်းလွဲ ၂ နာရီတွင် လူရည်ချွန်စခန်းဖွင့်လှစ်ထားသည့် ငွေဆောင်မြို့ ယမုံနာဦးဟိုတယ်သို့ ရောက်ရှိကြရာ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

ညိမ်းသူ-သတင်းစဉ်
ဓာတ်ပုံ-ကနူး



# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်နေမှုများအား မန္တလေးတိုင်းဒေသကြီးမှ ပင့်ဖိတ်ထားသော ဆရာတော်ကြီးများ လာရောက်လေ့လာဖူးမြော်ကြည်ညို

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ဗုဒ္ဓဥယျာဉ်တော် အတွင်း တည်ဆောက်ပူဇော်လျက်ရှိသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မိတ္ထီလာမြို့ အသောကာရုံ ရေလည်ကျောင်းတိုက် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ လာဘာဝတနှင့် ကျောက်ဆည်မြို့ ရောဝတီပရိယတ္တိစာသင်တိုက် နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တပါမောက္ခာဘိဝံသတို့ဦးဆောင်လျက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော် စုစုပေါင်း ၁၀၃ ပါးတို့က ယနေ့နံနက်ပိုင်းတွင် လာရောက်လေ့လာ ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ ဆရာတော်၊ သံဃာတော်များအား ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ စစ်ထောက်ချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး ကျော်စွာလင်းက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရသည့် ရည်ရွယ်ချက်၊ တည်ထားကိုးကွယ်ရန် စကျင်ကျောက်တုံးတော်ကြီးများအား အဆင့်ဆင့်တူးဖော်ခြင်းနှင့် ရေလမ်းကြောင်း၊ ကုန်းလမ်းကြောင်းများဖြင့် ပင့်ဆောင်ခဲ့ရမှု၊ ရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော် အပိုင်း(၁/၂/ ၃/ ၄)တို့အား ထုဆစ်ခြင်း၊ ပလ္လင်တော်အထက်သို့ ပင့်ဆောင်နိုင်ရန် သံမဏိမျှော်စင် ဝန်ချီစက်တည်ဆောက်ခြင်း၊ ရုပ်ပွားတော်မြတ်ကြီးအား ပင့်ထောင်ခြင်းနှင့် ပင့်ဆောင်နေရာချထားခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုအခြေအနေများ၊ မာရဝိဇယ





ဗုဒ္ဓဥယျာဉ်တော်ကြီး နှင့် သာသနိက အဆောက်အအုံ စိမ်းလန်းစိုပြည် သာယာလှပစေရေးအတွက် သစ်ပင်၊ ပန်းမန်များ စိုက်ပျိုးဆောင်ရွက်နေမှု၊ သာသနိက အဆောက်အအုံများ ဆောက်လုပ်နေမှုနှင့် အဆင့်ဆင့်တိုးတက်လာမှုအခြေအနေများကို ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် ပင့်ဖိတ်ထားသော ဆရာတော်၊ သံဃာတော်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော် တည်ဆောက်ပြီးစီးမှု၊ ဗုဒ္ဓဥယျာဉ်တော်ကြီးအတွင်းရှိ သာသနိက အဆောက်အအုံများ တည်ဆောက်ပြီးစီးမှုနှင့်ဆက်လက်တည်ဆောက်နေမှု အခြေအနေများကိုလည်း လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ကြွရောက်လာကြသည့် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တာဝန်ရှိသူများနှင့်တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များထံမှ ပရိတ်တရားတော်များကို နာယူခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်ကြီး ပုညရှင်သာသနာ့ဗိမာန် တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**မုံရွာ မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများနှင့်အတူ မေ ၂၈ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်ကြီး ပုညရှင်သာသနာ့ဗိမာန် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ တည်ဆောက်ရေးလုပ်ငန်းမှ တာဝန်ရှိသူများက စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်ကြီး ပုညရှင်သာသနာ့ဗိမာန်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောက်လုပ်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍



ရှင်းလင်းတင်ပြမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ပုညရှင်သာသနာ့ဗိမာန်တည်ဆောက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆွမ်းဦးပုညရှင်စေတီတော်ကြီး ဂေါပကအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ပုညရှင်သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဒေါ်ညိုညိုဆွေ၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ တည်ဆောက်ရေးကော်မတီအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများက ပုညရှင်သာသနာ့ဗိမာန် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီး အနောက်ဘက်ရင်ပြင်တော်ပေါ်တွင် တည်ဆောက်လျက်ရှိသည့် အလျား ၁၄၉ ပေ၊ အနံ ၆၃ ပေ၊ အမြင့် ၅၄ ပေ၊ ဗိမာန်တော်အကျယ် အလျား ၁၂၆ ပေ၊ အနံ ၅၄ ပေ၊ အမြင့် ၁၈ ပေရှိ ပုညရှင်သာသနာ့ဗိမာန်တော်ကြီး တည်ဆောက်လျက်ရှိရာ ယနေ့ထိ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် မေ ၂၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ(မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရုပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ပထမအကြိမ် ကျောင်းအခြေပြုသင်တန်းအား ၂-၅-၂၀၂၃ ရက်နေ့မှ ၉-၆-၂၀၂၃ ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊
  ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊
  ဖုန်း- ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း- ၀၉၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက် စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၆၆၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၇၇ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၈-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၇-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၈-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၆၆၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၇၇) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၈၉) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၃၄၀,၃၆၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၄,၆၇၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၇၇၈) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၁) ဦး ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် -

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံပေးနေမှု ကြည့်ရှုအားပေး

**ရန်ကုန် မေ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်တွင် တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ယနေ့နံနက်ပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အမိမြန်မာပြည်ရပ်တုရှေ့၌ ဒဂုံမြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်၊ ဆရာမများနှင့် ကျန်းမာရေးဝန်ထမ်းများက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ထပ်ဆောင်းကိုဗစ်-၁၉ ကာကွယ်ဆေး Sinopharm ထိုးနှံပေးလျက်ရှိပြီး လိုအပ်သည့်များကို မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့က ဝိုင်းဝန်းကူညီဆောင်ရွက်ပေးလျက်ရှိနေမှုများကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဝန်ကြီးများက ကြည့်ရှုအားပေးခဲ့ကြသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**မပျက်မကွက်ထိုးနှံ**

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး ခြောက်လပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ဆေးထိုးနှံမှုခံယူကြရန် လိုအပ်ကြောင်း သိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဦးဝင်းဖေ ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း သား သမီးများ၏ ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲ အခမ်းအနား တက်ရောက်

**နေပြည်တော် မေ ၂၈**

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်း သား သမီးများ၏ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁၁)၌ ကျင်းပသည်။

**ပြောကြား**

သင်တန်းဆင်းပွဲတွင် ဒုတိယဝန်ကြီး ဦးဝင်းဖေက ယဉ်ကျေးလိမ္မာသင်တန်းများကို တက်ရောက်သင်ကြားခြင်းဖြင့် ဗုဒ္ဓဘာသာနှင့် ပတ်သက်သော အခြေခံယဉ်ကျေးမှုများကို တတ်သိနားလည်လာခြင်း၊ ရတနာ သုံးပါးအကြောင်းကို သိရှိနားလည်ကိုးကွယ်ဆည်းကပ်တတ်၍ မြန်မာ့ယဉ်ကျေးမှုအနှစ်သာရများကို တန်ဖိုးထားတတ်လာခြင်း၊ အမျိုးဘာသာသာသနာကိုထိန်းသိမ်းစောင့်ရှောက်နိုင်သော လူတော်လူကောင်းများဖြစ်လာခြင်း စသောအကျိုးတရားများကို ရရှိလာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ကို ပိုင်ဆိုင်ထားကြသည့် ကလေးငယ်များ လိမ္မာယဉ်ကျေးပြီး စာရိတ္တာမြင့်မားရေး၊ အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးတတ်သည့် လူတော်လူကောင်းများဖြစ်စေရေး၊ ဖွံ့ဖြိုးတိုးတက်သောနည်းပညာခေတ်တွင် လူငယ်တို့၏ စိတ်ဓာတ်နှင့် အတွေးအခေါ်များလည်း ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် သားသမီးကောင်းရတနာများ မွေးထုတ်နိုင်ရေး မိဘ၊ ဆရာများ၊ တာဝန်ရှိသူများက လေ့ကျင့်ပြုစုပျိုးထောင်ပေးရန် လိုအပ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် ဇနီးတို့က သင်တန်းနည်းပြဆရာမကြီးများကို ဂုဏ်ပြုမှတ်တမ်းချီးမြှင့်ပြီး အလယ်တန်းအဆင့် ယဉ်ကျေးလိမ္မာသင်တန်းသားများကို ကျောင်းစိမ်းလုံချည်များ ပေးအပ်လှူဒါန်းကာ အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်နှင့်ဇနီးတို့က မူလတန်းအဆင့်ယဉ်ကျေးလိမ္မာသင်တန်းသားများကို ကွန်ပါဘူးများ ပေးအပ်လှူဒါန်းသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် တရုတ်-မြန်မာစီးပွားရေးစင်္ကြံလမ်း ( China – Myanmar Economic Corridor) (CMEC)နားလည်မှု စာချွန်လွှာအရ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်ပေါင်စန်းပြည်နယ်ခွဲ ပါတီကော်မတီအတွင်းရေးမှူးမစ္စတာယန်ကျင်း၊ ထိန်ချုံး-မြစ်ကြီးနားလမ်းဆက်ဆံရေးရုံး ညွှန်ကြားရေးမှူး မစ္စတာ ကျောင့်ကျီဟွေ့တို့ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များကို နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ယူနန်ပြည်နယ်တို့အား ဆက်သွယ်ထားသည့် လမ်းကွန်ရက်များနှင့် တံတားများ အဆင့်မြှင့်တင်ခြင်း ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့ မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# ရုရှားနိုင်ငံက တည်ဆောက်သည့် တူကီယဲနိုင်ငံ၏ ပထမဆုံးသော နျူကလီးယားဓာတ်အားပေးစက်ရုံ စတင်ဖွင့်လှစ်



**အန်ကာရာ ဧပြီ ၂၈**

တူကီယဲသမ္မတ အာဒိုဂန်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ရုရှားနိုင်ငံက တည်ဆောက်သည့် တူကီယဲနိုင်ငံ၏ ပထမဆုံးသော နျူကလီးယားဓာတ်အားပေးစက်ရုံကို ယမန်နေ့တွင် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**တက်ရောက်**

ခေါင်းဆောင်နှစ်ဦးသည် တူကီယဲနိုင်ငံတောင်ပိုင်း Akkuyu နျူကလီးယားဓာတ်အားပေးစက်ရုံရှိ ဓာတ်ပေါင်းဖိုတစ်ခုသို့ ပထမဆုံးနျူကလီးယားလောင်စာများ ပေးပို့ခြင်းအထိမ်းအမှတ် အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

အဆိုပါ စီမံကိန်းသည် နှစ်နိုင်ငံစီးပွားရေးအကျိုးအမြတ်များ ယူဆောင်လာမည်ဖြစ်ပြီး နှစ်နိုင်ငံအကြား ဘက်စုံမိတ်ဖက်ဆက်ဆံရေးကို မြှင့်တင်ပေးမည်ဖြစ်ကြောင်း သမ္မတပူတင်က ဆိုသည်။

ရုရှားနိုင်ငံသည် စွမ်းအင်နှင့် အခြားသော နယ်ပယ်များတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများမှ တစ်ဆင့် တူကီယဲနိုင်ငံနှင့် ဆက်ဆံရေး ပိုမိုအားကောင်းလာစေရန် ကြိုးပမ်းလျက်ရှိသည်။

တူကီယဲနိုင်ငံသည် ကမ္ဘာပေါ်ရှိ နျူကလီးယားစွမ်းအင်ပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်လာကြောင်းနှင့် စက်ရုံရှိ ဓာတ်ပေါင်းဖိုလေးခုစလုံးသည် ၂၀၂၈ ခုနှစ်တွင် လည်ပတ်နိုင်မည်ဟု မျှော်လင့်ထားကြောင်းလည်း သမ္မတ အာဒိုဂန်က ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**




# ပဋိပက္ခများဖြစ်ပွားလျက်ရှိသည့် ဆူဒန်နိုင်ငံမှ ထွက်ပြေးလာသည့် နိုင်ငံခြားသား ၁၆၀၀၀ ကျော်အား အီဂျစ်နိုင်ငံက လက်ခံထားဟုဆို

**ကိုင်ရို ဧပြီ ၂၈**

အီဂျစ်နိုင်ငံသည် အိမ်နီးချင်း ဆူဒန်နိုင်ငံ၌ ပဋိပက္ခများဖြစ်ပွားလျက်ရှိခြင်းကြောင့် ထွက်ပြေးတိမ်းရှောင်လာသည့် ဆူဒန်နိုင်ငံသား ၁၄၀၀၀ ကျော်အပါအဝင် နိုင်ငံခြားသား ၁၆၀၀၀ ကျော်အား လက်ခံထားရကြောင်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဧပြီ ၂၇ ရက်တွင် ထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ဆူဒန်နိုင်ငံသားမဟုတ်သော နိုင်ငံခြားသားများမှာ နိုင်ငံပေါင်း ၅၀ နှင့် နိုင်ငံတကာအဖွဲ့အစည်းခြောက်ခုမှ ဖြစ်ကြောင်းလည်း အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရပုဂ္ဂိုလ် အာမက်အဘူဇီးဒ်က ပြောကြားသည်။

အီဂျစ်နိုင်ငံသည် ဧပြီ ၂၆ ရက်အထိကာလအတွင်း အီဂျစ်နိုင်ငံသား ၂၆၇၉ ဦးကို ဆူဒန်နိုင်ငံမှ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း အီဂျစ်နိုင်ငံ တာဝန်ရှိသူများက ပြောကြားသည်။

ဆူဒန်နိုင်ငံ၌ ပဋိပက္ခများဖြစ်ပွားလျက်ရှိခြင်းကြောင့် လက်ရှိအချိန်တွင် အနည်းဆုံး ၄၅၉ ဦး သေဆုံးခဲ့ပြီးဖြစ်ကာ လူပေါင်း ၄၀၀၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားခဲ့သည်။ **ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံ၌ မော်တော်ဘုတ်တစ်စင်း တိမ်းမှောက်မှုကြောင့် ၁၁ ဦးသေဆုံး၊ ကိုးဦးပျောက်ဆုံး

**ဂျကာတာ ဧပြီ ၂၈**

အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း ရီယိုပြည်နယ်၌ ခရီးသည်အများအပြား တင်ဆောင်လာသည့် မော်တော်ဘုတ်တစ်စင်း ယမန်နေ့က တိမ်းမှောက်ခဲ့ရာ အနည်းဆုံး ၁၁ ဦး သေဆုံးပြီး ကိုးဦးပျောက်ဆုံးနေကြောင်း ရီယိုပြည်နယ်ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ တာဝန်ရှိသူ နိုင်ရိုမင် ဆီဒီကာရာက ပြောကြားသည်။

အဆိုပါပြည်နယ် အင်ဒရာဂီရီဟီလီယာ ခရိုင်အတွင်းရှိ ရေပြင်၌ အက်စ်ဘီအယ်ဗင်ကယ်လစ်ဇကာသုညတစ်အမည်ရှိ မော်တော် ဘုတ်သည်ဆိပ်ကမ်းမှပြည်နယ်မြို့တော် တန်ဂျန်းပီနန်သို့ ထွက်ခွာလာပြီးနောက် မိနစ် ၃၀ အကြာတွင် တိမ်းမှောက်နစ်မြုပ်ခဲ့ကြောင်းနှင့် သေဆုံးသူနှင့် ဒဏ်ရာရရှိသူဦးရေ ထပ်မံမြင့်တက်လာနိုင်ကြောင်း ၎င်းက ပြောကြားသည်။ လက်ရှိအချိန်တွင် အသက်ရှင်ကျန်ရစ်သူ ၅၈ ဦးကို တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် ရှာဖွေကယ်ဆယ်ရေးဝန်ထမ်း များ၏ အကူအညီဖြင့် ကယ်ဆယ်နိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် သေဆုံးဒဏ်ရာရသူများ၏ မိဘဆွေမျိုးများကို အကြောင်းကြားဆက်သွယ်နိုင်ရန် ကြိုးစားနေကြောင်း ရီယိုပြည်နယ် ရှာဖွေကယ်ဆယ်ရေးရုံးမှ ပြန်ကြားရေးတာဝန်ရှိသူ ကူကူဝီဒိုဒိုက ပြောကြားသည်။

ခရီးသည် ကန့်သတ်အရေအတွက်ထက် ကျော်လွန်တင်ဆောင်ခဲ့သည့်အတွက် ယခုကဲ့သို့ တိမ်းမှောက်ခြင်းဖြစ်ကြောင်း ၎င်းက ဆိုသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**



# ပါကစ္စတန်နိုင်ငံ၌ ဒစ်ဂျစ်တယ် အသွင်ကူးပြောင်းရေး ဦးဆောင်ကော်မတီ ဖွဲ့စည်း

**အစ္စလာမာဘတ် ဧပြီ ၂၈**

ပါကစ္စတန်နိုင်ငံ၌ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေးနှင့် ဒစ်ဂျစ်တယ်ပို့ကုန်မြှင့်တင်ရေးအတွက် ပုဂ္ဂလိကနှင့်သက်ဆိုင်ရာ နယ်ပယ်များမှ ပညာရှင်များပါဝင်သည့် ဦးဆောင်ကော်မတီကို မိမိ၏ဦးဆောင်မှုဖြင့် ဖွဲ့စည်းလိုက်ကြောင်း စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ကြီး Ahsan Iqbal က ပြောကြားသည်။

**ကြိုးပမ်းဆောင်ရွက်နေ**

ပါကစ္စတန်နိုင်ငံ၏ ဒစ်ဂျစ်တယ်ခရီးမှတ်တမ်းစတင်ခြင်းအမည်ဖြင့် အခမ်းအနားတစ်ရပ်အား ယမန်နေ့ကကျင်းပခဲ့ရာ ၎င်းကအထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ၎င်းမှတ်တမ်း၌ နိုင်ငံ၏ ဒစ်ဂျစ်တယ်ဆိုင်ရာ အခြေခံအဆောက်အအုံများမြှင့်တင်ရေးအစီအစဉ်အရ အီလက်ထရွန်နစ်စနစ်ဖြင့် နိုင်ငံအုပ်ချုပ်ရေး၊ အီလက်ထရွန်နစ်ကုန်သွယ်ရေး၊ စိုက်ပျိုးရေးနည်းပညာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် နည်းပညာပို့ကုန်စသည့်ကဏ္ဍများအတွက် ပညာရှင်များ၏အကြံပြု ဆွေးနွေးချက်များပါဝင်ကြောင်း စီမံကိန်းနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာဝန်ကြီးဌာနက မှတ်ချက်ပြုသည်။ ပါကစ္စတန်အစိုးရသည် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာ ပို့ကုန်များကို တိုးမြှင့်တင်ပို့နိုင်ရေးကြိုးပမ်းဆောင်ရွက်နေကြောင်း Ahsan Iqbal က ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ဂျပန်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသွားများအား ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုပယ်ဖျက်မည်

**တိုကျို ဧပြီ ၂၈**

ဂျပန်အစိုးရက နိုင်ငံအတွင်းလာရောက်သည့် နိုင်ငံခြားသားများအား ကိုဗစ်-၁၉ ရောဂါစစ်ဆေးသည့် လုပ်ငန်းစဉ်များကို ဧပြီ ၂၉ ရက်တွင် စတင်ပယ်ဖျက်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဂျပန်အစိုးရက နိုင်ငံအတွင်း ဝင်ရောက်လာသူများအား ကာကွယ်ဆေးသုံးကြိမ် သို့မဟုတ် ယင်းထက်ပိုမိုထိုးနှံထားသည့် သက်သေခံဆေးလက်မှတ်ပြသရန် ကန့်သတ်ချက်များ ချမှတ်ထားသည်။

ဧပြီ ၂၉ ရက်မှစပြီး နိုင်ငံအတွင်း လာရောက်သူများအပေါ် ချမှတ်ထားသည့် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကို ပယ်ဖျက်မည်ဖြစ်ကြောင်း အစိုးရအဖွဲ့အတွင်းဝန်ချုပ် မာဆုနိုဟီရိုကာဇူက ယနေ့ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ထို့ပြင် တရုတ်ပြည်မကြီးမှ တိုက်ရိုက်လေကြောင်းလိုင်းဖြင့် ရောက်ရှိလာသူများကိုလည်း ရောဂါစစ်ဆေးမှုများ ဆောင်ရွက်ခြင်းပြုတော့မည်မဟုတ်ကြောင်း အစိုးရအဖွဲ့အတွင်းဝန်ချုပ် မာဆုနိုဟီရိုကာဇူက ဆိုသည်။

ကိုဗစ်-၁၉ ရောဂါကို မေ ၈ ရက်တွင် ရာသီတုပ်ကွေးအုပ်စု အဆင့်သို့ အဆင့်တူညီစွာ သတ်မှတ်ခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကန့်သတ်ချက်များကိုလည်း အဆုံးသတ်ရန် စီစဉ်ခဲ့ကြောင်း သိရသည်။

ယခုသီတင်းပတ်ကုန်တွင် စတင်မည့် အားလပ်ရက်ကာလအတွင်း နိုင်ငံခြားသားခရီးသွားများ ပြန်လည်ဝင်ရောက်လာစေရန် အစိုးရက သတ်မှတ်ချိန်ထက်စောပြီး လိုအပ်ချက်များကို အဆုံးသတ်ရန် ဆုံးဖြတ်ခဲ့ခြင်းကြောင်း အစိုးရအဖွဲ့အတွင်းဝန်ချုပ် မာဆုနိုဟီရိုကာဇူက ဆက်လက်ပြောကြားသည်။

သို့သော် ဖျားနာခြင်းနှင့် ချောင်းဆိုးခြင်း အပါအဝင် ရောဂါလက္ခဏာများ ခံစားနေရသည့် နိုင်ငံတွင်း ဝင်ရောက်လာသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်သွားရန်လည်း အစိုးရက စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရ အရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့်(သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၂၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဝင်းဝင်းကျော်သည် ၎င်းအသုံးပြုသည့် “Win Win Kyaw” Facebook အကောင့်၊ သန်လျင်မြို့နယ် အမှုထမ်းရပ်ကွက်နေ ကြူကြူလှိုင်သည် ၎င်းအသုံးပြုသည့် “Kyu Kyu Hlaing” Facebook အကောင့်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေ ရပ်ကွက်နေ နန်းတယ်မီစိုးသည် ၎င်းအသုံးပြုသည့် “Nan Tal Me Soe” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပုသိမ်မြို့ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း၌ အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်လှစ်

ပုသိမ် မေ ၂၈

ဧရာဝတီ တိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားမှုဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် အိမ်တွင်းလျှပ်စစ် သွယ်တန်းတပ်ဆင်ခြင်း သင်တန်းဖွင့်ပွဲကို ကျွမ်းကျင်မှု လေ့ကျင့်ရေး သင်တန်းကျောင်း(ပုသိမ်)၌ ယမန်နေ့နံနက် ၁၀ နာရီတွင် ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး အလုပ်သမား ညွှန်ကြားမှုဦးစီးဌာန တိုင်းဦးစီးမှူး ဦးမျိုးနိုင်က ကျောင်းပြင်ပသို့ ရောက်ရှိနေသော ကလေးငယ်များကို မိမိဘဝရပ်တည်နိုင်ရေးနှင့် မိသားစုဝင်ငွေ တိုးတက်ရေး၊ အန္တရာယ်ရှိသော အလုပ်အကိုင်များတွင် ကလေးအလုပ်သမားများ ပပျောက်စေရေးတို့အတွက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ အထောက်အပံ့ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(ပုသိမ်)မှ တစ်လကြာကာလတိုသင်တန်းများ သင်ကြားပြသပေးလျက် ရှိကြောင်း၊ သင်တန်းမှာ ပါဝင်တက်ရောက်ကြမည့် သင်တန်းသားများအနေဖြင့် သင်တန်းကျောင်းမှ နည်းပြဆရာများ သင်ကြားပို့ချပေးသည့် လုပ်ငန်း ကျွမ်းကျင်မှုဆိုင်ရာ စာတွေ့၊ လက်တွေ့ အသိပညာ၊ အတတ်ပညာများကို ကြိုးစား သင်ယူ လေ့လာသွားကြရန် ပြောကြားသည်။



ထို့နောက် ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း ကျောင်းအုပ်ကြီးက သင်တန်းတွင် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး သင်တန်းကာလမှာ မေ ၂၇ ရက်မှ မေ ၂၆ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## အုတ်ဖိုမြို့နယ်၌ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးနှင့် မူလတန်းကြိုကျောင်းဖွင့်ပွဲ အခမ်းအနား ကျင်းပ

အုတ်ဖို မေ ၂၈

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် အိုးသည်ကုန်းမြို့မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းရုံးနှင့် မူလတန်းကြိုကျောင်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပခဲ့သည်။



### ဖဲကြိုးဖြတ် ဖွင့်လှစ်

ဦးစွာ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာတင်ညိုညိုလတ်၊ အတွင်းရေးမှူး ဒေါက်တာနွယ်နီအုန်း၊ ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းမြင့်သီတာနှင့် မြို့မိမြို့ဖ ဦးရဲကိုကိုထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အသင်းရုံး ကမ္ပည်းမော်ကွန်းတင် ဆိုင်းဘုတ်အား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းခြင်း၊ အမှတ်တရသစ်ပင်စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး အုတ်တံတိုင်းအတွက် အလှူငွေ ကျပ်ငါးသိန်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင်မူကြိုကျောင်းအတွက် အလှူငွေ ကျပ်ငါးသိန်း၊ ကျောင်းဝတ်စုံနှင့် သင်ထောက်ကူ ပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အုတ်ဖိုမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းပိုင်မူလတန်းကြိုကျောင်းသို့ သွားရောက်ကာ နွားနို့နှင့်မုန့်အာဟာရများတိုက်ကျွေးခဲ့ပြီး ကျောင်းဝတ်စုံများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

အောင်သူ(ပြန်/ဆက်)

# နေပြည်တော်ရှိ Sinma Living Mall ၌ လျှပ်စစ်သုံးယာဉ်များကို အများပြည်သူများ လေ့လာဝယ်ယူနိုင်ရန် ပြသလျက်ရှိ

**နေပြည်တော် မေ ၂၈**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံသို့ တင်သွင်းရောက်ရှိပြီးဖြစ်သည့် လျှပ်စစ်သုံးယာဉ်များကို အများပြည်သူများလေ့လာနိုင်ရန်နှင့် မျက်မြင်ကြည့်ရှုပြီး ဝယ်ယူနိုင်ရန်အတွက် နေပြည်တော် ဥတ္တရသီရိမြို့နယ် ဥတ္တရသီရိလမ်းနှင့် ဇေယျာသီရိလမ်းထောင့်ရှိ Sinma Living Mall ၌ EV Mall အဖြစ် ပြသလျက်ရှိသည်။



အဆိုပါ Sinma Living Mall ရှိ EV Mall ၌ နိုင်ငံတကာထုတ် EV ယာဉ် အမျိုးအစားများအနက် ကုမ္ပဏီခုနစ်ခုမှ Brand ၁၁ မျိုး ကားအစီးရေ ၁၂ စီး ပြသထားပြီး လျှပ်စစ်သုံးယာဉ်အမျိုးအစားအသစ်များ ရောက်ရှိလာပါကလည်း ထပ်မံထည့်သွင်းပြသသွားမည်ဖြစ်ကြောင်း EV Mall တာဝန်ခံ ကိုနောင်နောင်ဝင်းက ပြောသည်။

"EV Mall ဆိုတာက နိုင်ငံတကာမှာ ရှိပြီးသားဖြစ်တဲ့ Auto Mall တွေလိုပဲ လျှပ်စစ်သုံးမော်တော်ယာဉ်တွေကို ပြည်သူတွေအနေနဲ့ တစ်နေရာထဲမှာ တစုတစည်းတည်း ကြည့်ရှုလေ့လာဝယ်ယူနိုင်ဖို့ အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီရဲ့ လမ်းညွှန်ချက်နဲ့အတူ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ EV Mall မှာ လာရောက်ဝယ်ယူသူတွေကို One Stop Service အနေနဲ့ ကားဝယ်ယူချိန်ကနေစပြီး လက်ဝယ်အပ်နှံတဲ့အထိ ဆောင်ရွက်ပေးပါတယ်"ဟု ၎င်းက ပြောသည်။

လျှပ်စစ်သုံးယာဉ်များ၏ ကနဦးရင်းနှီးမြှုပ်နှံမှုတွင် ဈေးနှုန်းမြင့်မားမှုနှင့် လျှပ်စစ်ဓာတ်အားဖြည့်သွင်းရမည့် အခြေခံအဆောက်အအုံ လိုအပ်ချက်များ ရှိနေဆဲဖြစ်သော်လည်း နည်းပညာတိုးတက်လာသည်နှင့် ဘက်ထရီသိုလှောင်နိုင်စွမ်းအားကောင်းမွန်လာခြင်း၊ ဘက်ထရီသက်တမ်း ပိုရှည်လာခြင်း၊ အချိန်တိုအတွင်း လျင်မြန်စွာအားသွင်းနိုင်ခြင်း၊ လောင်စာဆီသုံးစွဲရသည့်စရိတ်နှင့် နှိုင်းယှဉ်ပါက လျှပ်စစ်ဓာတ်အားဖြည့်ရန် ကုန်ကျစရိတ်မှာ သိသိသာသာ လျော့နည်းသက်သာခြင်း၊ ပြင်ဆင်ထိန်းသိမ်းစရိတ်များ ပိုမိုသက်သာခြင်းတို့သည် လျှပ်စစ်သုံးယာဉ်များ၏ အားသာချက်များဖြစ်သည့်အပြင် ဘက်ထရီနည်းပညာတိုးတက်လာသည်နှင့် အမျှ ဈေးနှုန်းများကျလာနိုင်သည့် အနေအထားလည်း ရှိလာနိုင်ကြောင်း သိရသည်။

"EV Mall မှာ လျှပ်စစ်သုံးယာဉ် အမျိုးအစားပေါင်းစုံထုတ်လုပ်တဲ့နိုင်ငံစုံက လျှပ်စစ်သုံးယာဉ်တွေကို ပြသရောင်းချပေးနေတာ ဖြစ်ပါတယ်။ အမျိုးအစားအလိုက် တင်သွင်းရောင်းချတဲ့ ကုမ္ပဏီတွေအနေနဲ့ Authorized Distributor တွေဖြစ်လို့ After Sale Service ကို သက်ဆိုင်ရာ ကားအမျိုးအစားများအလိုက် ပြည်ပသင်တန်းတွေ တက်ရောက်ပြီး ပြန်လာသူတွေက ပြင်ဆင်ထိန်းသိမ်းပေးမှာ ဖြစ်ပါတယ်။ နောက်ပြီး Spare Parts တွေကိုလည်း အမျိုးအစားအလိုက် သူ့ပစ္စည်းနှင့်သူ မှာယူထားရှိပြီးဖြစ်တဲ့အတွက် အသုံးပြုသူ ပြည်သူတွေအနေနဲ့ စိတ်ပူစရာမလိုပါဘူး" ဟု EV Mall တာဝန်ခံ ကိုနောင်နောင်ဝင်းက ပြောသည်။

ယခုကဲ့သို့ EV Mall ဖွင့်လှစ်ရောင်းချခြင်းကြောင့် ပြည်သူများအနေဖြင့် EV ကားအမျိုးအစားများကို ကုမ္ပဏီတစ်ခုစီ သွားရောက်ကြည့်ရှုစရာမလိုဘဲ တစ်နေရာတည်းတွင် ရွေးချယ်နိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံတကာနှင့် အာဆီယံဒေသတွင်းတွင်လည်း မြန်မာနိုင်ငံ၏ Automotive Industry တိုးတက်မှုကို ပြသရာရောက်ကြောင်း၊ စိတ်ဝင်စားသည့်ပြည်သူများအနေဖြင့် နေပြည်တော်ရှိ Sinma Living Mall ၌ နေ့စဉ် နံနက် ၉ နာရီမှ ည ၈ နာရီအထိ ပြသလျက်ရှိရာ စိတ်ကြိုက်လာရောက်လေ့လာ ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်း - ဟိန်းမင်းစိုး၊ အောင်ရဲသွင်**
**ဓာတ်ပုံ - ကိုကိုအေး**

# လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် တင်သွင်း၊ တင်ပို့၊ တပ်ဆင်ထုတ်လုပ်မှုမြှင့်တင်ရေးလုပ်ငန်းကော်မတီမှ စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လျှပ်စစ်သုံးယာဉ်များအတွက် လိုင်စင်ထုတ်ပေးမည့် အခြေအနေများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်း

**တွေ့ဆုံမေးမြန်း**
**အောင်ရဲသွင်၊ ဟိန်းမင်းစိုး**
**ဓာတ်ပုံ - ကိုကိုအေး**

ယနေ့အချိန်အခါတွင် ကမ္ဘာ့နိုင်ငံများသည် တွင်းထွက်လောင်စာဆီသုံးစွဲမှုများအစား လျှပ်စစ်၊ သဘာဝဓာတ်ငွေ့၊ ဟိုက်ဒရိုဂျင်နှင့် ဇီဝလောင်စာ စသည်တို့ဖြင့် အစားထိုးသုံးစွဲနိုင်သည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်စွမ်းအင်အသုံးပြုမောင်းနှင်သည့်ယာဉ်များ ထုတ်လုပ်အသုံးပြုခြင်း နည်းလမ်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

မိမိတို့ နိုင်ငံတွင်လည်း လျှပ်စစ်စွမ်းအင်အသုံးပြုမောင်းနှင်သည့် ယာဉ်များ အသုံးပြုနိုင်ရေးအတွက် အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီအောက်ရှိ လုပ်ငန်းကော်မတီ ငါးခုအနက် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် တင်သွင်း၊ တင်ပို့၊ တပ်ဆင်ထုတ်လုပ်မှု မြှင့်တင်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းထားရှိ၍ ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် တင်သွင်း၊ တင်ပို့၊ တပ်ဆင်ထုတ်လုပ်မှုမြှင့်တင်ရေး လုပ်ငန်းကော်မတီမှ စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ လျှပ်စစ်သုံးယာဉ်များအတွက် လိုင်စင်ထုတ်ပေးမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ပြည်သူများသိရှိနိုင်စေရန် တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ဖော်ပြလိုက်ပါသည်။

**ဦးရန်နိုင်လွင်(ညွှန်ကြားရေးမှူး၊ ကုန်သွယ်ရေးဦးစီးဌာန)**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီအောက်မှာ လုပ်ငန်းကော်မတီ ငါးခုနဲ့ ဖွဲ့စည်းဆောင်ရွက်လျက် ရှိပါတယ်။ လုပ်ငန်းကော်မတီ ငါးခုအနက် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှုနှင့် တင်သွင်း၊ တင်ပို့၊ တပ်ဆင်ထုတ်လုပ်မှုမြှင့်တင်ရေး လုပ်ငန်းကော်မတီကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေနဲ့ တာဝန်ယူဆောင်ရွက်လျက်ရှိပါတယ်။

လုပ်ငန်းကော်မတီရဲ့ လုပ်ငန်းတာဝန်တွေအနေနဲ့ လျှပ်စစ်သုံးယာဉ်နဲ့ ဆက်စပ်လုပ်ငန်းတွေကို ပြည်တွင်း၊ ပြည်ပမှ ပိုမိုရင်းနှီးမြှုပ်နှံနိုင်ရေး ဦးစားပေးမြှင့်တင်တဲ့ ရင်းနှီးမြှုပ်နှံသူကဏ္ဍမှာ ထည့်သွင်းခြင်းနဲ့ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်ခြင်း၊ တည်ဆဲဥပဒေတွေ၊ မူဝါဒတွေမှာ ဦးဆောင်ကော်မတီက အတည်ပြုချမှတ်ထားတဲ့ တင်သွင်း၊ တင်ပို့၊ တပ်ဆင်ထုတ်လုပ်မှုဆိုင်ရာ မူဝါဒတွေ၊ လမ်းညွှန်ချက်တွေနဲ့အညီ လိုက်နာဆောင်ရွက်နိုင်ရေး တိကျတဲ့ ညွှန်ကြားချက်တွေနဲ့ အသိပေးခြင်း၊ လျှပ်စစ်သုံးယာဉ်အပါအဝင် ဘက်ထရီအားသွင်းစက်များ၊ ဆက်စပ်ပစ္စည်းများနဲ့ စပ်လျဉ်းပြီး ဦးဆောင်ကော်မတီက အတည်ပြုချမှတ်ထားတဲ့ မူဝါဒတွေ၊ လမ်းညွှန်ချက်တွေနဲ့အညီ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေ၊ အဖွဲ့အစည်းတွေ၊ ဖွံ့ဖြိုးမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီခွင့်ပြုချက်နဲ့ လျှပ်စစ်သုံးယာဉ်တင်သွင်းတဲ့ ကုမ္ပဏီတွေကို လုပ်ထုံးလုပ်နည်းနဲ့အညီ တင်သွင်းခွင့်ပြုနိုင်ဖို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ ကနဦးစီမံကိန်းကာလအတွင်း ပြည်ပက လျှပ်စစ်သုံးယာဉ်တင်သွင်းခြင်းဆိုင်ရာ လိုက်နာရမယ့် စည်းကမ်းချက်တွေကို သတ်မှတ်တဲ့ အမိန့်ကြော်ငြာစာအမှတ်(၆၂/၂၀၂၂)ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။

ဒါ့အပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ စားသုံးသူတွေ မနစ်နာစေရေးအတွက် လျှပ်စစ်သုံးယာဉ်တင်သွင်းတဲ့ ကုမ္ပဏီတွေကို ပင်ရင်းကုမ္ပဏီကနေဖြစ်စေ၊ Regonial Office ကနေဖြစ်စေ Dealership/ Distrubutorship ခန့်အပ်ခြင်းကို ဆောင်ရွက်ခြင်း၊ ဝယ်ယူသုံးစွဲသူ ပြည်သူတွေအတွက် Saleservice & Spare Parts (3S)နဲ့ အာမခံ ဆောင်ရွက်နိုင်တဲ့ အရောင်းပြခန်းဖွင့်လှစ် ဆောင်ရွက်စေခြင်း၊ အရောင်းပြခန်းဖွင့်လှစ်ခြင်း ရှိ/မရှိကို မြေပြင်စစ်ဆေးရေးအဖွဲ့နဲ့ စိစစ်ခြင်းနဲ့ အရောင်းပြခန်းဖွင့်လှစ်ခွင့်ပြုခြင်းကို ဆောင်ရွက်လျက်ရှိတဲ့အပြင် အရောင်းပြခန်းဖွင့်လှစ်ခြင်းဆိုင်ရာ စည်းကမ်းချက်ကို အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၃) ကို လုပ်ထုံးလုပ်နည်းနဲ့အညီ ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါတယ်။

ဒီစည်းကမ်းချက်မှာ အဓိကအချက်ဖြစ်တဲ့ တင်သွင်းလာတဲ့ မော်တော်ယာဉ်တွေကို သတ်မှတ်ထားတဲ့ အရောင်းပြခန်းနဲ့ သိုလှောင်ရုံမှာ ထားရှိရမယ်လို့ ဖော်ပြထားပြီး အရောင်းပြခန်းမှအပ အခြားနေရာတွေမှာ ပြသထားခြင်း ဆောင်ရွက်မယ်ဆိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ သီးခြားခွင့်ပြုချက်ရယူပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။


ဦးရန်နိုင်လွင်


ဒေါ်ခိုင်ဇာခြည်လင်း

**ဒေါ်ခိုင်ဇာခြည်လင်း(ဒုတိယ ညွှန်ကြားရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့် ဆယ်သွယ်ရေးဝန်ကြီးဌာန)**

ရန်ကုန်လိုင်စင် ရယူချင်တယ်ဆိုရင်တော့ ကန့်သတ်ချက်ရှိပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ခွင့်ပြုနိုင်မှုအပေါ် မူတည်ပြီး တစ်နှစ်မှာ လျှပ်စစ်သုံးမော်တော်ယာဉ် စီးရေ စုစုပေါင်း ၁၀၀၀၀ ခန့်သာ ရန်ကုန်လိုင်စင်နဲ့ မှတ်ပုံတင်ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်နံပါတ်နဲ့ မှတ်ပုံတင်ချင်တယ်ဆိုရင် ယာဉ်ဟောင်းအပ်နှံစလစ်(ပုံစံ- ဃ)တင်ပြဖို့ လိုအပ်ပါတယ်။ အခု ၂၀၂၃ ခုနှစ် Pilot Projet ကာလမှာ EV Taxi ယာဉ်တွေကို ရန်ကုန်၊ မန္တလေး၊ နေပြည်တော် သုံးနေရာမှာ စီးရေခွဲပြီး မှတ်ပုံတင်ခွင့် ပြုထားပါတယ်။ ဒီ EV Taxi ယာဉ်တွေအနက် ရန်ကုန်မြို့အတွင်းမှာ Taxi ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ဖို့ တင်သွင်းခွင့်ပြုထားတဲ့ EV Taxi ယာဉ်တွေကိုတော့(ပုံစံ-ဃ) စလစ်မလိုအပ်ဘဲ ရန်ကုန်လိုင်စင် ခွင့်ပြုထုတ်ပေးသွားမှာ ဖြစ်ပါတယ်။

မန္တလေး၊ နေပြည်တော်တို့မှာ Taxi ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်မယ့် EV Taxi တွေကတော့ သက်ဆိုင်ရာ မန္တလေး၊ နေပြည်တော် နံပါတ်တွေနဲ့သာ မှတ်ပုံတင်ခွင့်ရမှာ ဖြစ်ပါတယ်။ ဒါ့ပြင် ကုမ္ပဏီတွေက ပြန်လည်ရောင်းချဖို့ တင်သွင်းလာတဲ့ Taxi ယာဉ်တွေအနက် ရန်ကုန်လိုင်စင် လိုချင်တယ်ဆိုရင် "ဃ" စလစ်လိုအပ်မှာ ဖြစ်ပါတယ်။ ထို့အတူ ကျန် EV Taxi ၊ EV ကိုယ်ပိုင် လူစီးယာဉ်တွေ၊ EV ခရီးသည်တင်ယာဉ်တွေနဲ့ EV Delivery ယာဉ်တွေ အားလုံးအတွက်လည်း(ပုံစံ-ဃ) စလစ် တင်ပြမှသာ ရန်ကုန်လိုင်စင် ခွင့်ပြုသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်မြို့တွင်း ယာဉ်ကြောပိတ်ဆို့မှု လျော့နည်းစေရေးနဲ့ အတည်ပြု ထုတ်ပြန်ပြီးဖြစ်တဲ့ လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး မူဝါဒပါ ၂၀၅၀ ပြည့်နှစ်မှာ လျှပ်စစ်သုံးယာဉ်အသုံးပြုမှု ၁၀၀ ရာခိုင်နှုန်း ဖြစ်စေရေးမျှော်မှန်းချက်အရ လောင်စာဆီသုံးယာဉ် တစ်စီး အပ်နှံပြီး ရန်ကုန်လိုင်စင် EV ယာဉ်တစ်စီး အစားထိုးမှတ်ပုံတင်ပေးမှသာ မျှော်မှန်းချက်အောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ ဒါ့ပြင် ရန်ကုန်တိုင်းဒေသကြီးလိုင်စင်နဲ့ မှတ်ပုံတင်မယ့် မော်တော်ယာဉ်တွေ (ပုံစံ-ဃ)စလစ်တင်ပြဖို့ လိုအပ်တာကလည်း အရင် ၂၀၁၈ ခုနှစ်ကတည်းက ကျင့်သုံးခဲ့တဲ့ လုပ်ငန်းစဉ်အတိုင်းပဲ မပြောင်းမလဲ ဆက်လက်ကျင့်သုံး ဆောင်ရွက်နေခြင်းကြောင့် ဖြစ်ပါတယ်။

လျှပ်စစ်သုံးယာဉ်တွေကို ပဲခူးလိပ်စာနဲ့ မှတ်ပုံတင်ဆောင်ရွက်မယ်ဆိုရင် ယာဉ်အိုယာဉ်ဟောင်းအပ်နှံစလစ်(ပုံစံ- ဃ)တင်ပြရန် မလိုအပ်ပေမယ့် အမည်၊ နေရပ်လိပ်စာ မှန်ကန်စေရေးအတွက် ပဲခူးမှာ အမှန်တကယ်နေထိုင်ခြင်းရှိမှသာ ပဲခူးလိုင်စင် ခွင့်ပြုထုတ်ပေးသွားမှာ ဖြစ်ပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အမှန်တကယ် နေထိုင်သူတွေအနေနဲ့ EV ယာဉ်တွေကို စလစ်(ပုံစံ-ဃ)မတင်ပြဘဲ အမှန်တကယ်နေထိုင်တဲ့ လိပ်စာနဲ့ မှတ်ပုံတင်ဆောင်ရွက်မယ်ဆိုရင် ရန်ကုန်တိုင်းဒေသကြီး မှတ်ပုံတင်ရုံးတွေနဲ့ ပဲခူးတိုင်းဒေသကြီးမှအပ ပိုင်ရှင်ဆန္ဒပြုတဲ့ မှတ်ပုံတင်ရုံးမှာ အထောက်အထားတောင်းခံခြင်း မပြုဘဲ မှတ်ပုံတင်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

### Unit 9 Lesson 2: My favourite possessions

**I. Complete the sentences with the <u>words</u> given below.**

| | | | |
|---|---|---|---|
| dustbin | map | clock | bench |
| calendar | blackboard | broom | |

1. We sat on the ____________ in the park.
2. She tipped the rubbish in the ____________.
3. She is sweeping the floor with the ____________.
4. Pirates found a treasure ____________ in the sand.
5. I put a red mark on the ____________for my birthday.
6. The teacher wrote on the ____________with a piece of chalk.
7. Do you have an alarm ____________ ?

**II. Complete the sentences with a suitable form of the <u>verbs</u> given below.**

| | | | |
|---|---|---|---|
| clean | help | drop | put |
| carry | forget | keep | use |

1. All the teachers ___________ the blackboard.
2. Shall we ___________ the blackboard?
3. I cannot lift this heavy box. Can you ___________ me?
4. He ___________ his spoon at the dinner.
5. Min Min ___________ his pens, pencils, erasers and sharpeners in the pencil case.
6. Don't ___________ more money than you need.
7. I ___________ his name.
8. I believe that he will ___________ his promise.

**III. Rewrite the sentences with "Shall I …/ Shall we …?/ Could you V1? ".**

(မိမိရဲ့ကမ်းလှမ်းချက်ကို ပြောတဲ့အခါ Shall I V1? ကို သုံးရတယ်။ တခြားတစ်ယောက်အတွက် တစ်ခုခု လုပ်ပေးမယ်ဆိုတဲ့သဘော)
(အကြံပြုပြောဆိုတဲ့အခါ Shall We V1? ကို သုံးရတယ်။ မိမိအပါအဝင် အခြားသူတွေကိုပါ တစ်ခုခုလုပ်ကြမယ်လို့ အကြံပြုတဲ့သဘော)
(ပန်ကြားချက်ကို ပြောဆိုတဲ့အခါ Could you V1? ကိုသုံးရတယ်။ ပန်ကြားချက်ဆိုတာ အခြားသူတစ်ယောက်ကို တစ်ခုခု လုပ်ခိုင်းတာကို ပြောတာ။)

e.g. (clean the blackboard)
<u>Shall we</u> clean the blackboard?
(ငါတို့ ကျောက်သင်ပုန်း သန့်ရှင်းရေးလုပ်ကြမလား။)

e.g. (bring you a glass of water)
<u>Shall I</u> bring you a glass of water?
(ရေတစ်ခွက်ယူလာပေးရမလား။)

e.g. (open the window)
<u>Could you</u> open the window?
(ပြတင်းပေါက်ဖွင့်ပေးနိုင်မလား။)

1. (carry this bag for you) _________________?
2. (make coffee for me) _________________?
3. (go shopping tomorrow) _________________?
4. (go to the cinema) _________________?
5. (eat out for dinner) _________________?
6. (turn on the light for us) _________________?
7. (lock the front door when you leave) _________________?
8. (buy something to eat for me) _________________?
9. (carry your luggage to your room) _________________?
10. (wash my car) _________________?

**IV. Reorder the following sentences.**

1. see / because / you / can't / I'm / I / tomorrow / busy / . /
2. that / speak / . / mother / you / to / you / shouldn't / like
3. please / the / pass / you / salt / could / me / ?
4. Thinzar / at / Taw Win Private High School / . / is / a / student/
5. your / is / When / birthday / ? /

* * * * * * * * * * * * *

*Answers*

*Unit 9 Lesson 2: My favourite possessions*

*I. 1. bench; 2. dustbin; 3. broom; 4. map; 5. calendar; 6. blackboard; 7. clock;*

*II. 1. use; 2. clean; 3. help; 4. dropped; 5. puts; 6. carry; 7. forgot; 8. keep;*

*III. 1. Shall I carry this bag for you? 2. Could you make coffee for me? 3. Shall we go shopping tomorrow? 4. Shall we go to the cinema? 5. Shall we eat out for dinner? 6. Could you turn on the light for us? 7. Could you lock the front door when you leave? 8. Could you buy something to eat for me? 9. Shall I carry your luggage to your room? 10. Could you wash my car?*

*IV. 1. I can't see you because I am busy tomorrow. 2. You shouldn't speak to your mother like that. 3. Could you pass me the salt please? 4. Thinzar is a student at Taw Win Private High School. 5. When is your birthday?*

* * * * * * * * * * * * *

## Grade 7

### Unit 7 Lesson 2: Days and their names

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. He is working night and d_____________.
2. Mother goes shopping once a w_____________.
3. She gave her child a funny n_____________.
4. A p_____________ is a large round object in space that moves around a star such as the sun.
5. There are nine planets in the s_____________system.
6. The s_____________ gives us light and heat.
7. The school building was named in h_____________of its donor.
8. Ancient people believed R_____________ gods and goddesses.
9. Woden was the chief g_____________ of the Vikings.
10. Rome has a lot of a_____________ buildings.
11. He was late and I s_____________ was delayed.
12. Smoking is one of the c_____________ of lung cancer.
13. Birds fly in the s_____________.
14. We want peace but not w_____________.
15. Thor was the Vikings' god of t_____________.

**II. Complete the following sentences with the given words.**

| | | | |
|---|---|---|---|
| Sunday | Monday | Tuesday | Wednesday |
| Thursday | Friday | Saturday | |

1. The day ruled by the sun became _______________.
2. The day ruled by the moon became _______________.
3. The day ruled by Saturn became _______________.
4. The ancient people named _______________ in honour of Tui, the god of war of the Vikings.
5. In honour of Woden, the chief god of the Vikings, _______________ was so named.
6. They named _______________ for the god of thunder.
7. They named _______________ after the wife of Woden and the goddess of the sky.

**III. Supply the correct form of the verbs given in brackets.**

1. (know) We __________each other since our childhood.
2. (get) I __________an e-mail from my old friend this morning.
3. (believe) I __________we have already met.
4. (turn) When you reach the traffic light, __________ right.
5. (become) They __________ famous overnight.
6. (call) It is engaged. I __________back you later.
7. (rule) Who __________the country of England?
8. (miss) I __________the school bus because I got up late.
9. (change) How much have you __________a lot?
10. (give) Teacher __________us a lot of homework every Friday.

**IV. Complete the following sentences with the words given below.**

| | | | |
|---|---|---|---|
| sun | moon | week | planets |
| ancient | | | |

1. The ___________ people believed that the earth was the centre of the universe.
2. The ___________ gives us light and warmth.
3. The ___________ gives us light at night.
4. We were very busy last ___________ .
5. There are nine ___________ in our solar system including the Earth.

**V. Complete each sentence with an appropriate word or phrase from the passage.**

1. The ancient people named the seven days of the week ____________ the sun, the moon, and five of the planets.
2. The five ____________ are Mars, Mercury, Jupiter, Venus and Saturn.
3. The people of long ago believed that ____________ took turns ruling over the days.
4. The day ruled by the Sun was called ____________day, which became Sunday.
5. Woden was the chief god of ____________.
6. ____________ was the god of thunder.
7. ____________was the wife of Woden and the goddess of the sky.
8. Tui was the ____________ of the Vikings.
9. The ______________ were also known as the Norsemen.

**VI. Answer the questions.**

1. What are the seven days of the week named after?
2. What are the Roman names of Roman gods and goddesses?
3. How many planets were only known by the ancient people?
4. What did the ancient people believe?
5. What was the day ruled by the sun called?
6. Who was the god of war of the Vikings?
7. Who was the god of thunder?
8. Where did Tuesday, Wednesday, Thursday and Friday come from?
9. Who was the wife of Woden?
10. Who was the goddess of the sky?

* * * * * * * * * * * * *

*Answers*

*Unit 7 Lesson 2: Days and their names*

*I. 1.day; 2. week; 3. name; 4. planet; 5. solar; 6. sun; 7. honour; 8. Roman; 9. god; 10. ancient; 11. similarly; 12. causes; 13. sky; 14. war; 15. thunder;*

*II. 1.Sunday; 2. Monday; 3. Saturday; 4. Tuesday; 5. Wednesday; 6. Thursday; 7. Friday;*

*III. 1.have known; 2. got; 3. believe; 4. turn; 5. become; 6. will call; 7. rules; 8. missed; 9. changed; 10. gives;*

*IV. 1.ancient; 2. Sun; 3. Moon; 4. week; 5. planets;*

*V. 1.after; 2. planets; 3. the sun, the moon and the five planets; 4. Sun's; 5. the Vikings; 6. Thor; 7. Frigg; 8. god; 9. Vikings;*

*VI. 1. The seven days of the week are named after the Sun, the Moon and five of the planets. 2. The Roman names of Roman gods and goddesses are Mars, Mercury, Jupiter, Venus and Saturn. 3. Five planets were only known by the ancient people. 4. The ancient people believe in their gods and goddesses. 5. The day ruled by the sun called Sunday. 6. The god of war of the Vikings Tui. 7. The god of thunder Thor. 8. Tuesday, Wednesday, Thursday and Friday came from the Vikings. 9. The wife of Woden was Frigg. 10. The goddess of the sky was Frigg.*

* * * * * * * * * * * * *

## Grade 8

### Unit 10 Lesson 4: A happy healthy family

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. We should have a balanced d_______________ to be healthy.
2. You should have good study h_____________ if you want to be outstanding.
3. We can grow o___________ vegetables and fruit at this farm.
4. We need n_____________ food for good health.
5. Potato chips and sweets are j___________ food.
6. We should follow their s_____________ to keep ourselves fit.
7. P___________ activity directly helps prevent heart problems.
8. Our family is a happy family because everyone is h_____________.
9. Do you like to play crossword p____________?
10. We must try to protect the e______________.
11. What is the greatest a____________ of early riser?
12. Regular exercise will improve b_________ circulation.
13. I meditate as a way of reducing s_____________.

**II. Supply the correct form of the words given in brackets.**

1. (health) My parents are _____________ and wealthy.
2. (important) Diet and exercise are ___________ for health.
3. (important) Good health care is of primary ____________.
4. (nutrition) ____________ foods help us to maintain good health.
5. (suggest) I want to make a ____________.
6. (garden) U Maung is a good gardener. He loves ____________.
7. (circulate) He has bad ____________ in his legs.
8. (rise) Mother is an early ____________.

**III. Complete the following sentences with the correct forms of the verbs given below. There are two extras.**

| | | | |
|---|---|---|---|
| activities | circulation | stress | happy |
| diet | organic | altogether | |

1. The drug improves blood _______________.
2. A heart attack can be brought on by _____________ and worry.
3. There are many water sport ____________ including wind surfing.
4. How many sheep are there in the field ______________?
5. We are a _____________ family because we all are healthy.

**IV. Choose the correct answer.**

1. Did you _____________ (do / play / go) dancing yesterday?
2. It is dangerous to ___________ (do / play / go) skating on that lake.
3. He likes to _____________ (do / play / go) chess in his free time.
4. I _____________ (do / play / go) swimming in the pool.
5. He has been _____________ (do / play / go) aerobics for several years now.
6. He has ______________ (do / play / go) table tennis at the national level.
7. My daughter always needs someone to ______________ (do / play / go) with her.
8. He ___________(do / play / go) badminton every week.
9. Father _____________ (do / play / go) golf on Sundays.
10. Nyi Ma Lay _____________ (do / play / go) shopping with her friends every week.
11. We want to _____________ (do / play / go) football at some time in our life.
12. I like to travel light when I _____________ (do / play / go) hiking.
13. It is possible to ________(do / play / go) yoga at any age.
14. You need a partner to _____________ (do / play / go) table tennis.
15. I usually _____________ (do / play / go) swimming twice a month.
16. They have decided to _____________ (do / play / go) judo.
17. The best way to keep fit is to _____________ (do / play / go) gymnastics regularly.
18. We like to _____________ (do / play / go) online games.
19. Myanmar people _____________ (do / play / go) Chinlone.
20. She likes to _____________ (do / play / go) wushu.

************************

### Unit 11
### Lesson 1: My favourite digital device

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. You can transfer your d_____________images from your camera to your computer.
2. Mother bought me a l_______________ computer on my birthday.
3. The Nintendo Wii is an extremely popular game c_____________.
4. We can use the s______________ in the laptop or computer for playing music.
5. I see that the digital c___________ reads 29 minutes.
6. The laptop drawing t___________ is a very useful piece of hardware.
7. The country has more m___________ phone users than personal computers.
8. A s______________ can monitor fitness information like steps taken in the day.
9. I can't afford to buy an e___________ car.
10. What is your f___________ food?
11. He had been suffering from low blood pressure and a low p__________ rate.
12. Tests show her hearing and e___________ are normal.
13. Our schools are closed on w________________.
14. We can free download any a_____________ in play store.
15. We should b_______________ study and play.

**II. Supply the correct form of the words given in brackets.**

1. (large) Tablet screens are _____________ than phone screens.
2. (large) America has the world's ___________ economy.
3. (expensive) She gave me an _____________ watch.
4. (expensive) We have the _____________ cars in Europe.
5. (smart) Ko Ko is not as _____________as his brother.
6. (clear) Let's leave when the roads are _____________.
7. (usual) Mother _____________ gets up around 6 o'clock
8. (real) Nothing is _____________ beautiful but truth.
9. (absolute) Keep _____________ quiet during the movie.
10. (use) The Internet is ____________ for finding information quickly.
11. (total) That is ____________ wrong.
12. (good) It is a ___________ job. It is interesting.
13. (good) He has a ____________ job than me.
14. (well) They didn't play ____________ than us.
15. (well) We played ____________ in the match.

**III. Complete the following sentences with the correct forms of the verbs given below. There are two extras.**

| | | |
|---|---|---|
| laptop | digital camera | mobile phone |
| digital clock | smart TV | smart watch |
| games console | | |

1. I can attach my new ___________ to my computer and download my photos onto my hard drive.
2. A ____________ increases communication networks.
3. A ____________ is a type of clock that displays the time digitally.
4. A ____________ is a digital television that is, essentially, an Internet-connected, storage-aware computer specialized for entertainment.
5. A ______________ is better than a desktop.

**********************

**IV. Writing**

**Write a paragraph about "My favourite digital device".**

**My favourite digital device**

_______________________________________________

_______________________________________________

______________________________________________

**********************

### Answers

**Unit 10**

**Lesson 4 : A happy healthy family**

I. 1. diet; 2. habits; 3. organic; 4. nutritious; 5. junk; 6. suggestions; 7. Physical; 8. healthy; 9. puzzles; 10. environment; 11. advantage; 12. blood; 13. stress;

II. 1. healthy; 2. important; 3. importance; 4. nutritious; 5. suggestion; 6. gardening; 7. circulation; 8. riser;

III. 1. circulation; 2. stress; 3. activities; 4. altogether; 5. happy;

IV. 1. go; 2. go; 3. play; 4. go; 5. doing; 6. played; 7. play; 8. plays; 9. plays; 10. goes; 11. play; 12. go; 13. do; 14. play; 15. go; 16. do; 17. do; 18. play; 19. play; 20. do;

******************

**Unit 11**

**Lesson 1: My favourite digital device**

I. 1. digital; 2. laptop; 3. console; 4. speaker; 5. camera; 6. tablet; 7. mobile; 8. smartwatch; 9. expensive; 10. favourite; 11. pulse; 12. eyesight; 13. weekends; 14. application; 15. balance;

II. 1. larger; 2. largest; 3. expensive; 4. most expensive; 5. smart; 6. clear; 7. usually; 8. really; 9. absolutely; 10. useful; 11. totally; 12. good; 13. better; 14. better; 15. well;

III. 1. digital camera; 2. mobile phone; 3. digital clock; 4. smart TV; 5. laptop;

******************

**IV. Writing**

**My favourite digital device**

My favourite electronic device is my smart phone. Its color is sky-blue. Phones are very useful electronic device nowadays. At the moment phone is the most popular electronic device in the world. I got it from my parents as a birthday present on my recent birthday and I love it very much.

It provides to call and massage with our beloved ones. Even if very far with mom, father and friends, we communicate with them. We hear their voice and read their messages and we become happy. And I can do other features on it. That is why my smart phone is my favourite digital device.

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။



## မိုင်းတုံမြို့ မြို့မမွေတော်ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

ကျိုင်းတုံ  မေ ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသအသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းလျက်ရှိရာ မေ ၂၇ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့ မြို့မရပ်ကွက် မြို့မမွေတော်ဘုန်းတော်ကြီးကျောင်း၌ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထိုသို့လှူဒါန်းရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်မျိုးအေးနှင့် ဝန်ထမ်းများက မိုင်းတုံမြို့ မြို့မမွေတော်ဘုန်းတော်ကြီးကျောင်းရှိ ဆရာတော်နှင့် ရှင်သာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် မေ ၂၈

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ရုရှားနိုင်ငံ၌ကျင်းပသည့် "ရုရှား-မြန်မာပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ" ဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် မေ ၂၈

ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပသည့် "ရုရှား-မြန်မာ ပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ" ဖိုရမ်သို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါဖိုရမ်သို့ တက်ရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားနိုင်ငံ မော်စကိုမြို့၌ ရောက်ရှိနေစဉ်အတွင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ရည်ရွယ်၍ သက်ဆိုင်ရာ ရုရှားအဖွဲ့အစည်းများနှင့် အစည်းအဝေးများ ပြုလုပ်ခဲ့သည်။

ဆွေးနွေးမှုများအတွင်း နှစ်နိုင်ငံသံတမန်ဆက်သွယ်ထူထောင်မှု စိန်ရတုပြည့်မြောက်ခဲ့မှုနှင့်အတူ နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်ဆံရေး အရှိန်အဟုန် မြင့်မားလာမှုကို အသိအမှတ်ပြုခဲ့ကြပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုနယ်ပယ်တွင် အဆက်အသွယ်များ တည်ဆောက်နိုင်မှုနှင့် နိုင်ငံများအကြား ပညာရေးဆိုင်ရာဆက်ဆံရေး ထူထောင်မှုများမှတစ်ဆင့် ရုရှား-မြန်မာ ကုန်သွယ်မှုနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ အပြန်အလှန်ဆက်သွယ်ရေးအတွက် လိုအပ်ချက်များ၊ ရုရှားဈေးကွက်သို့ မြန်မာ့ထုတ်ကုန် ပစ္စည်းများ တင်ပို့ရေးဆိုင်ရာများ၊ ရုရှားနှင့် မြန်မာကြား လူသားချင်းစာနာမှု၊ ပညာရပ်ဆိုင်ရာနှင့် လူမှုရေး-နိုင်ငံရေး ပူးပေါင်းဆောင်ရွက်မှု ခိုင်မာစေရေးဆိုင်ရာများ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဖိုရမ်အစီအစဉ်များပြီးနောက် ကိုယ်စားလှယ်အဖွဲ့သည် စိန့်ပီတာစဘတ်မြို့ရှိ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့်တွေ့ဆုံခြင်းနှင့်ရုရှားနိုင်ငံယဉ်ကျေးမှုမြို့တော်ဖြစ်သည့် စိန့်ပီတာစဘတ်မြို့အတွင်း လေ့လာရေးအစီအစဉ်များ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



○ **ဆီးဂိမ်းမှ**

အုပ်စု(ခ) တွင် ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ စင်ကာပူနှင့် လာအိုတို့ ပါဝင်နေသည်။ အုပ်စု(က) ပထမနေ့တွင် မြန်မာအသင်းပွဲစဉ်မပါဝင်ဘဲ ကျန်လေးသင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။ အုပ်စုပထမနေ့အဖြစ် မေ ၂၉ ရက် မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် အိမ်ရှင်ကမ္ဘောဒီးယားအသင်းနှင့် တီမောအသင်းတို့ စတင်ကစားမည်ဖြစ်သည်။ အိမ်ရှင်ကမ္ဘောဒီးယားအသင်းသည် အိမ်ရှင်အဖြစ် ပထမဆုံးလက်ခံကျင်းပသည့် ဆီးဂိမ်းပြိုင်ပွဲတွင် ဆုတံဆိပ်ရယူနိုင်ရန် ပစ်မှတ်ထားနေပြီး အဖွင့်ပွဲတွင် ရလဒ်ကောင်းရယူနိုင်ရန် ကြိုးပမ်းမည်ဖြစ်သည်။ ကမ္ဘောဒီးယားအသင်းကို နာမည်ကြီး ဂျပန်လက်ရွေးစင်ဘောလုံးသမားဟောင်း ဟွန်ဒါက နည်းပြချုပ်အဖြစ် တာဝန်ယူကိုင်တွယ်လျက်ရှိသည်။

မြန်မာအသင်းသည် အုပ်စုပထမပွဲကို မေ ၂ ရက်မှ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ကိုညီလေး**

**ဓာတ်ပုံ-FFC**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၉-၄-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၉၅ | ၂၀၄၅ | ၂၀၄၀ | ၂၀၀၅ | ၂၀၄၀ | ၂၀၆၅ | ၂၀၅၀ | ၂၀၃၀ | ၂၁၂၅ | ၂၁၄၀ | ၂၀၃၅ | ၂၀၄၅ | ၂၀၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၃၁၅ | ၂၈၁၀ |
| 95 Ron | ၂၀၇၅ | ၂၁၂၀ | ၂၁၂၀ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၅ | ၂၁၃၀ | ၂၁၀၅ | ၂၂၀၅ | ၂၂၂၀ | ၂၁၀၀ | ၂၁၃၀ | ၂၁၆၀ | ၂၁၆၀ | ၂၁၆၀ | ၂၃၉၀ | ၂၈၈၅ |
| HSD (500 ppm) | ၁၉၀၀ | ၁၉၅၀ | ၁၉၅၀ | ၁၉၁၀ | ၁၉၅၀ | ၁၉၇၅ | ၁၉၇၀ | ၁၉၃၅ | ၂၀၅၅ | ၂၀၅၀ | ၁၉၄၀ | ၁၉၅၅ | ၁၉၉၀ | ၁၉၉၀ | ၁၉၉၀ | ၂၂၂၀ | ၃၁၀၀ |
| HSD (50 ppm) | ၁၉၈၀ | ၂၀၃၀ | ၂၀၃၀ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၃၀၀ | ၃၁၃၀ |
| HSD (10 ppm) | ၁၉၈၀ | ၂၀၃၀ | ၂၀၃၀ | ၁၉၉၀ | ၂၀၃၀ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၂၀ | ၂၀၃၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၇၀ | ၂၃၀၀ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၉၁ | ၁၉၆၂ |
| 95 Ron | ၁၉၆၆ | ၂၀၃၉ |
| HSD (500 ppm) | ၁၈၀၅ | ၁၈၇၀ |
| HSD (50 ppm) | ၁၈၇၈ | ၁၉၄၅ |
| HSD (10 ppm) | ၁၈၇၈ | ၁၉၄၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





ကျောက်စာရုံစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း


မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၇၂၀ | - |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၁၄၄ သိန်း | ၄၀၈၅၆ သိန်း |
| ၃။ | သုစမ္ဘာဇရပ်(၅၄×၃၀×၃၂)ပေ | ၂၉၇၀. ၀၀ | ၆ | ၅ | ၁ |
| ၄။ | ဂေါပကရုံး(၄၈×၂၄×၂၉)ပေ | ၄၈၁၀. ၀၀ | ၁ | - | ၁ |
| ၅။ | မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ | ၈၀၇၉ | ၁ | ၁ | - |
| ၆။ | အဝင်မုခ်ဦး(အနောက်ဘက်) | ၂၈၆၅ | ၁ | ၁ | - |
| ၇။ | ရွေ့လျားစက်လှေကား(Walking Escalator) | | | | |
| | (က) Acrylic အမိုးအကာလုပ်ငန်း | ၄၅၄၃. ၁၀ | ၁ | - | ၁ |
| | (ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း | ၃၂၈၄. ၃၀ | ၁ | - | ၁ |
| ၈။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၉။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၂ တိုင် | ၇ တိုင် |
| ၁၀။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၁၁။ | မြန်မာမှုတစ်ဖက်လှခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၉၃ ခန်း | ၃၆၂ ခန်း |
| ၁၂။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၃၂. ၀၀ | ၅၀ တိုင် | - | ၅၀ တိုင် |
| ၁၃။ | လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင် | ၁၆. ၈၅ | ၂၀၈ တိုင် | - | ၂၀၈ တိုင် |
| ၁၄။ | Garden Light (၄ မီတာ) ၁ တိုင်လျှင် | ၁၉. ၀၀ | ၃၆၆ တိုင် | - | ၃၆၆ တိုင် |
| ၁၅။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၄၄ ခု | ၅၀၈ ခု |
| ၁၆။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၈. ၅၀ | ၇၅၇၆. ၃၅ ကျင်း | - | ၇၅၇၆. ၃၅ ကျင်း |
| ၁၇။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၅၀ | ၂၁၈. ၁၄ ကျင်း | ၂၉ ကျင်း | ၁၈၉. ၁၄ ကျင်း |
| ၁၈။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၆. ၅၀ | ၈၄၇၃ ကျင်း | - | ၈၄၇၃ ကျင်း |
| ၁၉။ | မုစလိန္ဒအိုင် | ၂၂၇၃၁. ၀၂ | ၁ | ၅၃၄၅ သိန်း | ၁၇၃၈၆. ၀၂ သိန်း |
| | (က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း | ၆၇၁၀. ၅၉ | ၁ | - | ၁ |
| | (ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း | ၃၆၀၆. ၃၆ | ၁ | - | ၁ |
| | (ဂ) မုစလိန္ဒအိုင်အတွင်းအပြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလှေကားများပြုလုပ်ပေးခြင်း | | | | |
| | ၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၂။ အနောက်ဘက်အပိုင်း(၃၇၉၉ စပေ) | ၁၇၁၁. ၈၅ | ၁ | - | ၁ |
| | ၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ) | ၂၅၉၄. ၂၆ | ၁ | - | ၁ |
| | ၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ) | ၂၂၃၆. ၄၀ | ၁ | - | ၁ |
| | (ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း) | ၈. ၅၀ | ၃၁၇. ၆၅ | - | ၃၁၇. ၆၅ |
| | (င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း | ၂၅. ၂၀ | ၄၇ | - | ၄၇ |
| | (စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း | | | | |
| | ၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း | ၅၄၀. ၀၀ | ၁ | - | ၁ |
| | ၂။ အပြင်ရေဆက်သွယ်ခြင်း | ၇၂၀. ၀၀ | ၁ | - | ၁ |
| ၂၀။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၂၁၉. ၀၀ | ၁၂၇ ခု | - | ၁၂၇ ခု |
| ၂၁။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Creamy Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၁၀၀၀ စုံ | ၅၇၄ စုံ | ၄၂၆ စုံ |
| ၂၂။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၂၀. ၀၀ | ၅၀၀ စုံ | ၂၂၀ စုံ | ၂၇၉ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၃၁၀၀၅

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## ကယားပြည်နယ်အစိုးရအဖွဲ့ရုံး
## တိုင်းရင်းသားရေးရာဝန်ကြီးဌာန
## ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့၊ တိုင်းရင်းသားရေးရာဝန်ကြီးဌာန၊ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေမှ ခွင့်ပြုသည့် ကျပ်သန်း(၃၀၀)အောက်နှင့် ကျပ်သန်း(၃၀၀)အထက် ပစ္စည်းဝယ်ယူရေး၊ ရေပေးရေး၊ လမ်းတံတားတည်ဆောက်ရေးနှင့် အခြားတည်ဆောက်ရေးလုပ်ငန်းများအား အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်လိုပါသဖြင့် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသားလုပ်ငန်းရှင်၊ ကုမ္ပဏီများအား တင်ဒါသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တင်ဒါတင်သွင်းရမည့်ရုံး - ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဈေးပိုင်းရပ်ကွက်
(ခ) လိပ်မူရမည့်ပုဂ္ဂိုလ် - ဥက္ကဋ္ဌ၊ တင်ဒါကော်မတီ
(ဂ) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၂၁-၄-၂၀၂၃)ရက်
(ဃ) တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်ရက် - (၄-၅-၂၀၂၃)ရက်၊ ညနေ(၁၆:၀၀)နာရီ
(င) တင်ဒါလျှောက်လွှာ ရောင်းချမည့်နေရာ - ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ရုံး
(စ) တင်ဒါဖွင့်မည့်ရက် - ဆက်သွယ်အကြောင်းကြားပါမည်။

၂။ အိတ်ဖွင့်တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များသိရှိလိုပါက ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဖုန်း(၀၉-၄၂၈၀၀၄၈၄၉၊ ၀၉-၄၄၄၃၇၃၈၃၁၊ ၀၉-၄၂၈၀၀၀၆၁၈၊ ၀၉-၄၂၈၀၀၄၄၈၁)သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) မှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် တံတားတည်ဆောက်ရေးအဖွဲ့မှ ဆောင်ရွက်မည့် ကျေးလက်တံတားလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်တွင် အချိန်မီပြီးစီးအောင် ဆောင်ရွက်နိုင်ရန်အတွက် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖြည့်တင်းရေးဌာနခွဲ၊ ဖုန်း-၀၆၇-၃၄၀၇၈၅၇ နှင့် တံတားတည်ဆောက်ရေးအဖွဲ့၊ ဖုန်း-၀၆၇-၃၄၀၇၈၄၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍လည်းကောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၄-၅-၂၀၂၃ မှ ၁၅-၅-၂၀၂၃)
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန် - (၁၉-၅-၂၀၂၃) (၁၆:၃၀)နာရီ
(ဂ) တင်ဒါလျှောက်လွှာ ဝယ်ယူတင်သွင်းနိုင်သည့်နေရာ - ဖြည့်တင်းရေးဌာနခွဲ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)
(ဃ) လုပ်ငန်းတင်ဒါဖွင့်မည့် ရက်/အချိန် - တင်ဒါကုမ္ပဏီများအား ပြန်လည်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၇/၄)၊ ခရေ(၁၀)လမ်း၊ ပင်လုံ Estate အိမ်ရာ၊ မြေကွက်အမှတ်(၁၀၄)၊ မြေအကျယ်အဝန်းပေ(၇၉x၈၀)၊ ဧရိယာ(၀.၁၄၅)ဧကရှိ ဦးဇော်ထွန်း[၁၂/ကမရ(နိုင်)၀၀၅၈၅၀]အမည်ပေါက် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ယဉ်ယဉ်လေး[၁၃/ကတန(နိုင်) ၁၁၆၄၀၆]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေက စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကုမုဒြာ(LL.B,D.B.L,D.I.L,IDCS) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၈၉၉)**
**ဖုန်း-၀၉-၄၂၀၀၉၉၆၅၆**

## အများသိစေရန် ကြေညာခြင်း

ဒေါ်ခင်စန်းမြင့်(ဘ) ဦးထွန်းရင် [၉/မလန(နိုင်)၀၀၃၉၉၄] ကိုင်ဆောင်သူ၏ အထူးကိုယ်စားလှယ်စာရယူထားသော ဦးမောင်နီ(ဘ) ဦးရီဆုဝင်း[၁၃/သပန(နိုင်)၀၃၀၃၄၈]ကိုင်ဆောင်သူမှ ဒေါ်နန်းမြင့်မြင့်ထွေးအား ဂရန်မြေကွက်နှင့်ပတ်သက်ပြီး သက်တမ်းတိုးပေးရန်နှင့် အခြားလုပ်ငန်းများဆောင်ရွက်ပေးရန် အသိပေးကြေညာအပ်ပါသည်။ ဒေါ်နန်းမြင့်မြင့်ထွေးထံ လာရောက်ဆောင်ရွက်ပေးခြင်းမရှိပါက ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်သူ**
**ဒေါ်နန်းမြင့်မြင့်ထွေး**

**လွှဲအပ်ချက်အရ-**
**ဒေါ်ခင်သင်းသင်းကြူ**
**တရားလွှတ်တော်ရှေ့နေ(LL.B)**
**(စဉ်-၁၄၉၁၁)(၁၃-၁၁-၂၀၁၈)**
**(စ)ရပ်ကွက်၊ ထလ.၁၅/၂၂၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း-09-259028901**

## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန
## ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် တံတားတည်ဆောက်ရေးအဖွဲ့မှ ဆောင်ရွက်မည့် ကျေးလက်တံတားလုပ်ငန်းများအား သတ်မှတ်ဘဏ္ဍာရေးနှစ်တွင် အချိန်မီပြီးစီးအောင်ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းသုံးပစ္စည်း (M.S Rod သံချောင်းလုံးဆိုဒ်စုံ) ဝယ်ယူလိုပါသဖြင့် တိုင်းရင်းသားပုဂ္ဂလိက ဆောက်လုပ်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဖြည့်တင်းရေးဌာနခွဲ၊ ဖုန်း-၀၆၇-၃၄၀၇၈၅၇ နှင့် တံတားတည်ဆောက်ရေးအဖွဲ့၊ ဖုန်း-၀၆၇-၃၄၀၇၈၄၄ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်၍လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍ လည်းကောင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)တွင် ရုံးချိန်အတွင်း လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာ စတင်ရောင်းချမည့်ရက် - (၄-၅-၂၀၂၃ မှ ၁၅-၅-၂၀၂၃)
(ခ) တင်ဒါလျှောက်လွှာ နောက်ဆုံးတင်သွင်း ရမည့်ရက်/အချိန် - (၁၉-၅-၂၀၂၃) (၁၆:၃၀)နာရီ
(ဂ) တင်ဒါလျှောက်လွှာ ဝယ်ယူတင်သွင်း နိုင်သည့်နေရာ - ဖြည့်တင်းရေးဌာနခွဲ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန(ရုံးချုပ်)
(ဃ) လုပ်ငန်းတင်ဒါ ဖွင့်မည့်ရက်/အချိန် - တင်ဒါကုမ္ပဏီများအား ပြန်လည် အကြောင်းကြား သွားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## မန္တလေးနည်းပညာတက္ကသိုလ်
## (၂၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးနည်းပညာတက္ကသိုလ်တွင် ဖွင့်လှစ်သင်ကြားခဲ့ပြီး ၂၀၂၂ ခုနှစ်နောက်ပိုင်းမှစ၍ ဘွဲ့ရစာမေးပွဲအသီးသီးကို အောင်မြင်ခဲ့ကြသည့် အင်ဂျင်နီယာ၊ ဗိသုကာနှင့် ဇီဝနည်းပညာဆိုင်ရာဘွဲ့၊ မဟာဘွဲ့နှင့် ပါရဂူဘွဲ့ရရှိခဲ့သူများအတွက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည် -

| | |
|---|---|
| အစမ်းလေ့ကျင့်ရက် | - (၂၇-၅-၂၀၂၃)စနေနေ့ နံနက်(၉:၀၀)နာရီမှ(၁၁:၀၀)နာရီအထိ (အင်ဂျင်နီယာနှင့်ဗိသုကာဘွဲ့၊ ပါရဂူဘွဲ့၊ မဟာဘွဲ့သင်တန်းများအားလုံး) |
| ကျင်းပမည့်နေ့ရက် | - (၂၈-၅-၂၀၂၃)တနင်္ဂနွေနေ့ |
| ကျင်းပမည့်အချိန် | - နံနက်(၉:၀၀)နာရီမှ(၁၁:၀၀)နာရီအထိ (အင်ဂျင်နီယာနှင့်ဗိသုကာဘွဲ့၊ ပါရဂူဘွဲ့၊ မဟာဘွဲ့သင်တန်းများအားလုံး) |
| ကျင်းပမည့်နေရာ | - မန္တလေးနည်းပညာတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမ |
| ဘွဲ့နှင်းသဘင်ကြေး | - တက်ရောက် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)အဝေးရောက် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)(လျှောက်လွှာနှင့်အတူ ပေးသွင်းရန်) |
| လျှောက်လွှာတင်သွင်းရမည့်ရက် | - (၂-၅-၂၀၂၃)မှ(၁၂-၅-၂၀၂၃)ထိ |

၂။ လျှောက်လွှာတင်သွင်းရာတွင် ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ယူမည်ကို တိကျစွာဖော်ပြရမည့်အပြင် တစ်လအတွင်းရိုက်ကူးထားသော (၂လက်မx၁လက်မခွဲ) အရွယ် ဓာတ်ပုံ(၄)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူတို့နှင့်အတူ ပူးတွဲလျှောက်ထားရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ခဲ့ပါကဘွဲ့လက်မှတ်ကို (၁)နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။ ၂၀၂၂ ခုနှစ်၊ ဧပြီလ (၃၀)ရက်နေ့ မတိုင်မီ ဘွဲ့ရအောင်စာရင်းထုတ်ပြန်ခဲ့သော ဘွဲ့ရရှိခဲ့သူများသည် အဝေးရောက်ဘွဲ့အတွက် လျှောက်ထားရမည်။

၃။ အစမ်းလေ့ကျင့်ခြင်းနှင့် ဘွဲ့နှင်းသဘင်တက်ရောက်မည့်သူများသည် မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် လျော်ညီသော မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်းဝတ်စုံ(အမျိုးသား)နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ရမည်။ အကယ်၍ သတ်မှတ်ထားသည့်အတိုင်း ဝတ်ဆင်ခြင်းမရှိပါက ဘွဲ့နှင်းသဘင် အခမ်းအနားကို တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၄။ ဘွဲ့ဝတ်စုံများကို (၂၄-၅-၂၀၂၃)ရက် နံနက်(၁၀:၀၀)နာရီမှစ၍ သင်တန်းရေးရာဌာနတွင် ထုတ်ပေးမည်ဖြစ်သည်။

**မှတ်ချက်။** အသေးစိတ်အချက်အလက်များ သိရှိလိုပါက မန္တလေးနည်းပညာတက္ကသိုလ်သင်တန်းရေးရာဌာန (ဖုန်း -၀၉-၂၀၁၆၅၀၉)တွင် စုံစမ်းနိုင်ပါသည်။

**ဌာနကြီးမှူး၊ သင်တန်းရေးရာ**
**မန္တလေးနည်းပညာတက္ကသိုလ်**

## ပတ်စ်ပို့ပျောက်

ကျွန်မ **ဒေါ်မနီခိုင်ဇီ**[၁/မကန(နိုင်)၁၄၄၈၂၁]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၀၃၄၅၄၆၇**

## ပတ်စ်ပို့ပျောက်

ကျွန်တော် **မောင်မျိုးနွယ်**[၁/မကန(နိုင်)၁၅၉၆၂၇]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၆၄၃၅၇၈၆၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ **မခိုင်အိအိဟိန်း**[၁/ဗမန(နိုင်)၀၆၇၀၅၂]၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၀၄၄၀၀၅**

## မွေးသက္ကရာဇ်မှန်နှင့် မိခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ခွဲ) ရမ်ပူ(၁)၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်၊ သတ္တမတန်း(ခ)တွင် တက်ရောက်ခဲ့သော မောင်အောင်မြင့်ထွန်း၏ မွေးသက္ကရာဇ်အမှန်မှာ ၃၁-၅-၂၀၀၅ ဖြစ်ပြီး ၎င်း၏ မိခင် အမည်မှန်မှာ ဒေါ်သန္တာလင်း [၉/မခန(နိုင်)၂၉၄၂၈၄]ဖြစ်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/မြောက်၊ မြေကွက်အမှတ်-၁၇၆/က၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်-၁၇၆/က၊ အောင်ဇေယျလမ်း၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်အေးရီ[၁၂/သကတ(နိုင်)၀၁၅၃၅၄] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဒေါ်အေးရီ(မိခင်)နှင့် ဦးခင်မောင်(ဖခင်)တို့ ကွယ်လွန်သဖြင့် ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်- ၈၁၅/၂၀၁၂(၁၀-၂-၂၀၁၂)ဖြင့် ပိုင်ဆိုင်လာသူများဖြစ်သော ဒေါ်ယဉ်ယဉ်နွယ်[၁၂/သကတ(နိုင်)၀၁၈၄၂၂]၊ ဦးစိန်မင်းအောင် [၁၂/သကတ(နိုင်)၁၂၂၄၁၅]တို့မှ နှစ်(၆၀)ဂရန်မူရင်း ပျောက်ဆုံးကြောင်း သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နှစ်(၆၀)ဂရန်မူရင်းမှာ အသိမ်းလွန်၍ ပျောက်ဆုံးသွားခဲ့သည်မှာမှန်ကန်ကြောင်းနှင့် နှစ်(၆၀)ဂရန်မူရင်းအား အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လွှဲပြောင်းရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်းတို့ လုံးဝမရှိပါကြောင်းနှင့် အရှုပ်အရှင်းပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ပိုင်ဆိုင်ကြောင်း စာချုပ်တို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအားဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်မှုမရှိသဖြင့် ဂရန်မိတ္တူမှန် ထုတ်ပေးမည်ဖြစ်၍အမှုတွဲအမှတ်-သကတ/၄မ/၀၆၀၆(၂၂-၈-၉၃)ဖြင့်မူလထုတ်ပေးခဲ့သည့်ဒေါ်အေးရီ[၁၂/သကတ(နိုင်) ၀၁၅၃၅၄]အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) မူရင်းအား ပယ်ဖျက်ပြီး ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကချင်ပြည်နယ်အများပိုင်ကုမ္ပဏီလီမိတက်
